


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# သောတာပန် မှ ရဟန္တာဖြစ်သည်အထိ
# အလုပ်စဉ်

၁၄၉

(ဟောကြားသည့်နေ့)
၁၃-၃-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# သောတာပန်မှ ရဟန္တာဖြစ်သည်အထိ
# အလုပ်စဉ်

ဟောကြားသောနေ့ (၁၃-၃-၁၉၆၂)

စာမူခွင့်ပြုချက် အမှတ် - ၃၀၂/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၄/၂၀၀၁ (၅)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ ဇွန်လ
တန်ဖိုး - (    )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ဤတရားတော်သည် မန္တလေးမြို့၌ ဦးချစ်ဆွေ၊ ဒေါ်မမတို့နှစ်ဦးအား နံနက်တိုင်းသီးခြားဆုံးမဟောကြားခဲ့သော နာရီဝက်တရားတော်များဖြစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားသည် တပည့်ရင်းများကို ခရီးပေါက်စေချင်သဖြင့် ရင်းရင်းနှီးနှီး မောင်ချစ်ဆွေ၊ အစ်မဟုအမည်များခေါ်ပြီး ဆုံးမခဲ့သော ရှားပါးသည့်တရားတော်ဖြစ်သည်။

ဤတရားတော်တွင် သောတာပန်တည်အောင် အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ရောဂတော၊ ဂဏ္ဍတော၊ အဃတော စသည်တို့မှ တစ်ပါးပါးနဲ့ ခန္ဓာမြင်အောင် ရှုပွားပုံ။ သောတာပန်မှ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သည်အထိ မည်သို့ကျင့်ရပုံကို သေချာစွာဟောကြားထားပါသည်။

ရဟန္တာဖြစ်ပြီး အရိယာပုဂ္ဂိုလ်များပင်လျှင် မည်သို့ကျင့်ကြံပုံတို့ကို ဖော်ပြထားရာတွင် အဆင်းရဲဆုံး ပုဂ္ဂိုလ်များအား ကရုဏာထားပြီး ချီးမြှောက်လိုသဖြင့် ဖလသမာပတ်ဝင်စားပုံ၊ နိရောဓ သမာပတ်ဝင်စားပြီး ချီးမြှောက်ခဲ့ပုံတို့ကိုပါ ဟောကြားတော်မူထားပါသည်။

ဤစာအုပ်သည် ဦးချစ်ဆွေ၊ ဒေါ်မမတို့နှစ်ဦးအား (၁၃-၃-၆၂) ရက်နေ့နှင့် (၁၄-၃-၆၂)ရက်နေ့တို့တွင် ဟောကြားခဲ့သော တရားတော်နှစ်ပုဒ်ကို ပေါင်းထားခြင်းဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်စုံကြပါစေ။

၂၂-၂-၂၀၀၁ အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# သောတာပန်မှရဟန္တာဖြစ်သည်အထိ

# အလုပ်စဉ် (၁)

(၁၃-၃-၆၂)

ရှင်သာရိပုတ္တရာက သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတဲ့အချိန်မှာ ရှင်မဟာကောဋ္ဌိကဆိုတဲ့ရဟန္တာကြီးကလည်းရှိတယ်။

ရှိတော့ကို ပြော် ဒို့သည်ကားလို့ ဆိုလို့ရှိရင်၊ ရဟန္တာတွေတော့ဖြစ်ကြပြီ၊ နောင်လာနောက်သားတွေ ရဟန္တာဖြစ်တဲ့နည်း၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ သံသရာကြီးမှ ထွက်တဲ့နည်းကို ငါတို့နှစ်ယောက် အမေးအဖြေလုပ်ရလို့ရှိရင်ဖြင့်၊ နောင်ကို မှတ်တမ်းတွေ ကျန်ရစ်ပြီးသကာလ၊ ဒီအတိုင်းလုပ်ကြလို့ရှိရင်

ဒုက္ခဝဋ်မှ ကျွတ်ကြလိမ့်မယ်ဆိုတဲ့ စိတ်ထားနဲ့ တစ်ယောက်က အမေးခံ၊ တစ်ယောက်က အမေးသမားဆိုပြီး သကာလ အင်မတန်ကြီးလှစွာသော ကရုဏာကြီးနဲ့ အမေး အဖြေ လုပ်ကြတယ်လို့ မှတ်ကြရမယ်နော် (တင်ပါ့ဘုရား)။

တစ်ယောက်မသိလို့ တစ်ယောက်မေးတယ်ဆိုတဲ့ အခြေအနေမျိုးကို မယူပါနဲ့ (တင်ပါ့ဘုရား)။

## နောင်လာနောက်သားတွေဝဋ်ကျွတ်စေချင်လို့

တစ်ယောက်မသိလို့ တစ်ယောက်မေးတာ မဟုတ်ဘူး။ နောင်လာနောက်သားတွေ ဒုက္ခဝဋ်ကျွတ်တဲ့နည်းကို ငါတို့အမေးခံကလည်း ရဟန္တာ၊ အမေးသမားကလည်း ရဟန္တာ၊ ကိစ္စပြီးပြီးသား ပုဂ္ဂိုလ်ဘွေ။

ထိုကဲ့သို့ ကိစ္စပြီးပြီးသားပုဂ္ဂိုလ်တွေ၏ နည်းနာနိဿယကို မေးပုံ ဖြေပုံတွေကြားပြီးသကာလ ကြိုးစားကြလို့ ရှိရင်ဖြင့် ငါတို့တရားသည် သာသနာရှိသလောက်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်သလောက်ဖြင့် ဘယ်အချိန်မဆို ဒီနည်းအတိုင်း လိုက်နာလို့ရှိရင်ဖြင့် လိုရာခရီးကို အပြီးတိုင် ရောက်လိမ့်မယ်ဆိုတဲ့စိတ်ထားနဲ့ အမေးအဖြေလုပ်ကြသည်။

## ချမ်းသာမှန်ရကြပါစေ

အဲတော့ ဒီ ဒကာဒကာမတွေက ဘယ်လိုမှတ်ရမလဲ ဩော် ဒို့ဆရာဘုန်းကြီးကလည်း တစ်ဆင့်ပြောပြန်တယ် ဒို့သွားကြည့်လို့ရှိရင် ဒို့ဟာမဟုတ်ဘူး။ သည်နည်းသည်ကား ဆိုလို့ရှိရင်ဖြင့် သွားနေကျပုဂ္ဂိုလ်၊ သွားပြီးသားပုဂ္ဂိုလ်၊ ချမ်းသာရပြီးသားပုဂ္ဂိုလ်က ချမ်းသာလမ်းစဉ်ပြတာပါလား၊ ဒါနာဖို့မဟုတ်ဘူး၊ မှတ်ဖို့တင်မဟုတ်ဘူး၊ ဒီလမ်းစဉ် ငါတို့ လိုက်လို့ရှိရင်ဖြင့် ချမ်းသာစစ် ချမ်းသာမှန်ရစေတယ်ဆိုတဲ့ စိတ်ထားနဲ့ မေးမြန်းကြတာဖြစ်တော့ နာတာက မှတ်ပြီး သကာလ အလုပ်ကို တွင်ကျယ်အောင်လုပ်ဖို့ကို ဒါကို စိတ်ထဲက မွေးကြရမှာ (တင်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ခုနင်က ပြောခဲ့ပါပြီတဲ့၊ သူတို့ ချင်း မေးစရာ ဖြေစရာအကြောင်းကို မရှိဘူး၊ ကိစ္စပြီးပြီးသား တွေ မေးစရာ ဖြေစရာ အကြောင်းမရှိဘူး (တင်ပါ့)။

ဘာဖြစ်လို့ ဒီကိုယ်တော် နှစ်ပါးက အမေးအဖြေများ လုပ်နေကြပါလိမ့်မတုံးဆိုတာလဲ ခုနင်က ပြောခဲ့လို့ နောင် လာ နောင်သားတွေ ဒီလမ်းစဉ်လိုက်ပါစေတော့ (တင်ပါ့ ဘုရား) ဆိုတော့ လမ်းစဉ်လိုက်ဖို့ဟောတာ။

## လမ်းစဉ်ကို မှတ်ပြီး ကျင့်စဉ်နဲ့လိုက်ပါ

လမ်းစဉ်ကို မင်းတို့က မှတ်ပြီးသကာလ ကျင့်စဉ်နဲ့ လိုက်ရုံပဲ သဘောပါပလား (သဘောပါပါပြီဘုရား)။

လမ်းစဉ်ကိုတော့ မှတ်ရမယ်၊ ကျင့်စဉ်နဲ့လိုက်ရမယ်၊ ဒါပေါ့ပေါ့တန်တန် နေလိုက်လို့ရှိရင်ဖြင့် ဒုက္ခပင်လယ်ဝေသွားလိမ့်မယ် ဟုတ်ပေဘူးလား (မှန်ပါတယ်ဘုရား)။

အဲတော့ ဒါပေါ့ပေါ့တန်တန် နေဖို့လား၊ သူတစ်ပါးကို အတုယူပြီးသကာလ လောကီတွေမှာ လုပ်နေဖို့လားဆိုတော့ အို မသိတဲ့ပုဂ္ဂိုလ်တွေကို ဒါအတုခိုးစရာမလိုပါဘူး။ သိတဲ့ပုဂ္ဂိုလ်က မသိတဲ့ပုဂ္ဂိုလ်ကို အတုခိုးလိုက်လို့ရှိရင် ကိုယ်က အောက်ကျသွားတယ် (တင်ပါ့ဘုရား)။

မသိတဲ့ပုဂ္ဂိုလ်လုပ်နေတာကို သိတဲ့ပုဂ္ဂိုလ်က ဒို့လည်း ဒီလိုလုပ်ဦးမှထင်ပါရဲ့ ဆိုလို့ရှိရင်ဖြင့်တဲ့ အမြင့်က အနိမ့်ကျသွားတာ ဒါအတုခိုးစရာမလိုပါဘူး (တင်ပါ့ဘုရား)။

## ပုထုဇဉ်ထုံးစံ

သို့သော် ပုထုဇဉ် ထုံးစံက မြင့်နေပေမယ့်လည်း နိမ့်တဲ့ဘက်ကို သူပြေးချင်တဲ့ ဝါသနာလေးက ရှိတယ်။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မြင့်နေပေမယ့်လို့ နိမ့်တဲ့ဘက်ကိုပြေးချင်တဲ့ ဝါသနာလေးက ရှိနေတယ်ဆိုတဲ့ဥစ္စာက ဘာဖြစ်လို့တုံးဆိုတော့ မျောက်မျိုး ချောင်းခုန်နေကျဖြစ်နေတယ်ကွနော်၊ မျောက်မျိုးက ဘာလုပ်တတ်တုံး (ချောင်းခုန်တဲ့ဂါသနာရှိပါတယ်ဘုရား) ချောင်းထဲဘယ်တော့မှ ဆင်းပြေးတဲ့ဝါသနာမရှိဘူး၊ ချောင်းခုန်တဲ့ ဝါသနာပဲရှိနေတယ်ဆိုတာ မင်းတို့သေချာပလား (သေချာပါတယ်ဘုရား)။

## အတုခိုးလွဲတတ်တယ်

အဲဒါကြောင့် ဆရာသမားက ပိတ်ပင်တယ်။ ဟာဒီဥစ္စာတွေက ဘဝသံသရာတွေက အိုမဆုံး၊ နာမဆုံး၊ သေမဆုံး၊ ပူမဆုံးတဲ့အလုပ်၊ ပူမဆုံးတဲ့အလုပ်တွေကို ဇာတ်သိမ်းတဲ့အလုပ်၊ ကိုယ့်အလုပ်က ဖြစ်နေတော့ အိုမဆုံးတဲ့အလုပ်ကို အတုခိုးဦးမှ ထင်ပါရဲ့၊ သေမဆုံးတဲ့အလုပ်ကို အတုခိုးဦးမှ ထင်ပါရဲ့ဆိုတော့ ဖော်ပြောလိုက်တော့မှ ဩော် အတုခိုးလွဲပေါ့၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဘယ်နဲ့ပေါ်တုံးကွ (အတုခိုးလွဲတာပေါ်လာတာပါဘုရား)။ အတုခိုးလွဲတဲ့ဥစ္စာ သေချာမပေါ်ဘူးလား အဲဒါကြောင့် အတုခိုး၊ အတုခိုး ဆိုပေမယ့်လည်းတဲ့ အထက်တန်းကို အတုခိုးရတယ်ကွ၊ အောက်ကျဟာ အတုခိုးလို့တော့ ဖြစ်

ကို မဖြစ်ဘူးနော် (တင်ပ့ါဘုရား)။

သေချာ စဉ်းစားကြည့်ပါတဲ့ ဟိုက အမေလုပ်နေတယ်၊ ကလေးတွေကို အတုခိုးရင် ဘယ်နဲ့လုပ်မလဲ (မဟာအမှားကြီး မှားတာပါဘုရား) အင်မတန်ကြီးကျယ်တဲ့အမှားတော်ကြီး ဖြစ်သွားမှာပေါ့ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)။

## သေခါနီးကသေခါဝေးကို အတုမခိုးနဲ့

အဲတော့ သေခါနီးက သေခါဝေးကို အတုခိုးဖို့ မလိုဘူး ပေါ်ကြပလား (ပေါ်ကြပါပြီဘုရား) သေခါနီးက အတုခိုးရမှာက အသေမရှိတဲ့လမ်းသွားနည်းကိုသာ အတုခိုးရမယ် ဟုတ်ဘူးလား (တင်ပ့ါဘုရား)။

သေခါဝေးတွေ ထင်ရာလုပ်နေတာကို ကိုယ်က အတုခိုးဖို့မလိုဘူး ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါက အင်မတန်မှ အရေးကြီးတယ်ဆိုတာလည်း မှတ်ရတယ်ကွ (မှန်ပါ) အင်မတန်မှ အရေးကြီးတယ်ဆိုတာလည်း မှတ်ရသေးတယ် ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

## ဒီလမ်းလိုက်ရင် ဒုက္ခကင်းငြိမ်းတယ်

ကဲ ဒါကြောင့် ဒီကိုယ်တော်ကြီးနှစ်ပါးကို သူတို့အတွက်လား၊ ဒီလိုဆရာကောင်း သမားကောင်းနဲ့ လမ်းပြကောင်းနဲ့ တွေ့ပါစေတော့၊ ဒီလမ်းအတိုင်းလမ်းစဉ်လိုက်ကြပါစေတော့၊ ဒီလမ်းလိုက်လို့ရှိရင် ဒုက္ခခပ်သိမ်းကင်းငြိမ်းပါတယ်ဆိုတဲ့ဥစ္စာကို သိစေချင်လို့၊ သူတို့ဟာ သူတို့ဆိုရင် ဖလသမာပတ်ဝင်စားပြီးသကာလ ချမ်းသာအောင် နေလိုက်ရင် စကားမပြောဘဲနဲ့ နိဗ္ဗာန်အာရုံပြုနေလိုက်ရင် အစ်မပြီးသွားတာပဲ (တင်ပါဘုရား)။

သူတို့ ချမ်းသာစွန့်ပြီးသကာလ နောင်လာနောင်သား ချမ်းသာမှုကို ငဲ့ပြီးမေးကြ ဖြေကြတယ်ဆိုတဲ့အဓိပ္ပါယ်ဟာ မင်း သေးတဲ့ကရုဏာလို့မဆိုနဲ့ကွ (မှန်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား) ဘာကရုဏာပါလိမ့် (ကြီးတဲ့ကရုဏာ)။

## အကျိုးစီးပွားအလိုရှိလို့

အဲဒီတော့ ဒီကရုဏာလေးတွေ ထောက်ပြီးသကာလ ဩော် ဒီကိုယ်တော်ကြီးတွေကတော့ လောကွတ်ချော်တာမဟုတ်ပါလား၊ လောကွတ်ချော်တာမဟုတ်ပါလား၊ တကယ်တမ်း အကျိုးစီးပွားအလိုရှိပြီး တကယ်တမ်းအမေးအဖြေထုတ်ကြတာပါလား၊ ဘယ်သူ့အရေးမှမဟုတ်ပါလား သူတို့

အရေးတစ်ပဲသားမှမပါ ပါလား၊ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

နောင်လာနောင်သားတွေ သိကြားလိမ့်မှာသော ပုဂ္ဂိုလ်တို့၏ ဆင်းရဲတွင်းမှ တက်ဖို့အရေးကို သူစီစဉ်တဲ့ အမေးအဖြေလို့ဆိုရင် မလွဲပါဘူး (မလွဲပါဘူးဘုရား)။

ဒါဖြင့် ဒီအစီအစဉ်ဟာ သူတို့အတွက်လား ကိုယ့်အတွက်လားဆိုတာ ယနေ့အကဲခတ်တာပေါ့ကွာ (ကိုယ့်အတွက်ပါဘုရား) ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

တရားချီးနေတာ မဟုတ်ပါဘူး၊ ဒါအမှန်ပြောနေတာပါ (မှန်ပါ့ဘုရား) တရားချီးနေတယ်ဆိုတာ မနာချင် နာချင်အောင် ပြောနေတာ တရားချီးတာဆိုတယ် (မှန်ပါ)။

## အထက်ကိုအတုခိုးပါ

အခုဟာကတော့ အတုခိုးလွဲမှာစိုးလို့ အတုခိုးပြောင်းလိုက်ပါဦးဆိုတာလေးကို သတိပေးတာပါ (မှန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အောက်အတုခိုးမှာစိုးလို့ အထက်အတုခိုးပါလို့ပြောတာ (တင်ပါဘုရား)။

အောက်အတုခိုး အောက်ကျမှာပဲ၊ အထက်အတုခိုးမှ လွတ်ရေး ကျွတ်ရေး ဖြစ်မှာပဲ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ရှင်ကောဋ္ဌိက ကမေးလိုက်တယ် ရှင်သာရိပုတ္တရာ၊ အရှင်ဘုရား သီလဖြူစင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုနှလုံးသွင်းပြီးသကာလ ရှုရမှာလဲ သီလဖြူစင်ပြီးသား ပုဂ္ဂိုလ်များဘုရား ဘယ်လို နှလုံးသွင်းပြီးသကာလ "ဘယ်လို ယောနိသောမနသိကာရ"နဲ့ ဘယ်လိုရှုရမှာတုံးဘုရား။

## သီလဖြူစင်တဲ့ပုဂ္ဂိုလ် ဘယ်လိုရှုရမှာတုံး

ဆိုတော့ သူဟာ မောင်ချစ်ဆွေ အဖြေတစ်ခါတည်း ပါတယ်။ သီလဖြူစင်တဲ့ပုဂ္ဂိုလ်ဆိုတာနဲ့ အဖြေပါပြီးသား (တင်ပါဘုရား) ဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)၊ ဘယ်လို နှလုံးသွင်းပြီးသကာလ ဘယ်လိုရှုရမှာတုံးဘုရား။

ဆိုတော့ သူသိပြီးသား မေးတာ (မှန်ပါဘုရား) သိပြီးသားမေးတာဖြစ်နေတော့ ဟိုကလည်း သိပြီးသား ပုဂ္ဂိုလ်ကပဲ ရှင်သာရိပုတ္တရာကဖြေရတယ်၊ သီလဖြူစင်တဲ့ ပုဂ္ဂိုလ်ကွာ . . . တဲ့ သူတို့လက်ရှိခန္ဓာကြီးရှိသားပဲတဲ့ အဲဒီ လက်ရှိ ခန္ဓာကြီး ခုနင်က မနေ့ကပြောခဲ့သလို အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ သုညတော ရှိတယ်ကွ ဒီပါဠိတော်တွေရှိတယ်။

## ခန္ဓာမြင်အောင်ကြည့်ပါ

အဲဒီထဲက တစ်ခုခုနဲ့ ဒီခန္ဓာငါးပါးတစ်ပါးပါးကို ခု ပြောခဲ့တဲ့အထဲက တစ်ချက်ချက်နဲ့ ခန္ဓာမြင်အောင် ခန္ဓာမှာ ဒါပဲရှိလို့ ဒီတစ်ချက်ချက်နဲ့ မြင်အောင် ကြည့်ပါလို့ ဆိုလို့ရှိရင် ဖြင့်တဲ့ ဒီအတိုင်းကြည့်ကြပါတဲ့ သီလဖြူစင်တဲ့ပုဂ္ဂိုလ် ဒီအတိုင်းကြည့်ပါ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သီလဖြူစင်တဲ့ပုဂ္ဂိုလ် ခုပြောခဲ့တဲ့ (၁၀)ချက်တစ်ချက် ချက်ကို ကြည့်ရမယ်၊ ကောင်းပြီတဲ့ ကြည့်တော့ ဘာဖြစ် မတုံး၊ အို ကြည့်တော့ကွာတဲ့ ဒီဟာတွေကို ကြည့်လိုက်တဲ့ အခါကျတော့ အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပန် ရှေးဦးစွာတည်တယ်ကွဆိုတော့ ရှုမှသိမှာကို (တင်ပါဘုရား)။

## သောတာပန်တည်မယ်

သီလလည်းဖြူစင်ပြီးသကာလ နှလုံးသွင်းတဲ့ ဒီလို (၁၀)ခုကို တစ်ခုခုနှလုံးသွင်းမှ ခုဟာက သောတာပန်တည် မယ်ပြောတာ (တင်ပါဘုရား) သဘောပါပလား (သဘော ပါပါပြီဘုရား)။

အဲတော့ကိုတဲ့ ရောဂတော ဒီနေ့ညပြောမယ် (မှန်ပါ ဘုရား) မနေ့ကတော့ ပရတော ပြောခဲ့တယ် (တင်ပါဘုရား) သူစိမ်းပြင်ပဖြစ်အောင် ကြည့်စမ်းပါ၊ ရောမရှုလိုက်ပါနဲ့

ဆိုတာ မနေ့က မှာတမ်းတစ်ခု တော်တော်ပဲ လေးလေး နက်နက်ပြောခဲ့တယ်။

## ရောဂတောအဖြစ်နဲ့ ခန္ဓာကိုမြင်အောင်ကြည့်

ဒီနေ့တော့ လေးလေးနက်နက်ပဲပြောရမှာပဲတဲ့၊ ရောဂတောအဖြစ်နဲ့ ခန္ဓာကိုမြင်အောင် ကြည့်စမ်းပါ၊ ဩော် ရောဂါတွေပါလား၊ ဩော်ရောဂါတွေပါလားဆိုတဲ့အသွားမျိုး နဲ့ကြည့်စမ်းပါနော် (တင်ပါဘုရား)။

ကြည့်လိုက်တဲ့အခါကျတော့ ရောဂါ ဟုတ်မဟုတ်ကို တော့ဖြင့် ကြည့်လိုက်ရင်သိပါတယ်၊ ထိုင်နေရင်းမတ္တနဲ့ပဲ ညောင်းလာတယ်၊ ဟ-ဘာတုံးမောင်ချစ်ဆွေက (ရောဂါပေါ့ ဘုရား။)

ခန္ဓာကပြတာ (ပြပါတယ်ဘုရားခန္ဓာက) ရောဂတော သူရောဂါရှိလို့ ထလာတာ မပြောဘူးလား (ပြောပါတယ် ဘုရား)။

ဘယ်သူက ပြောတုံးလို့ မေးတဲ့အခါကျတော့ ရောဂ တော သီလဖြူစင်ပြီး နှလုံးသွင်း အဲဒီလိုမှန်အောင် မှန်မှန် လေး နှလုံးသွင်းလိုက်တဲ့အခါကျတော့ ခန္ဓာက ကျုပ်ဟာ ရောဂါဗျ၊ တစ်ကိုယ်လုံးရောဂါတုံး ရောဂါခဲကြီးဗျ၊ ဒါ ခန္ဓာ က ပြောနေတာ သဘောကျပလား (သဘောကျပါပြီဘုရား)။

## ရောဂါပါလားလို့ရှုပါ

ဘယ်သူက ပြောပါလိမ့် (ခန္ဓာက ပြောတာပါဘုရား) အလကားနေ နဖူးပေါ် လက်တင် မှိုင်နေဖို့မလိုဘူးတဲ့၊ ဟိုက ရောဂါပြောလို့ရှိရင်လဲ ရောဂါပါလားလို့ ရှုလိုက် (တင်ပါဘုရား) ရောဂါပါလားလို့ ရှုလိုက်တော့ ဒါ ဒုက္ခသစ္စာရှုနေတာ ဒုက္ခသစ္စာလို့သာ ဆိုင်းဘုတ်မဆွဲတာ (တင်ပါဘုရား) ဒုက္ခ သစ္စာမြင်တာ (မှန်ပါဘုရား) သဘောပါပလား (သဘောပါ ပါပြီဘုရား)။

ခန္ဓာထဲက ယားလာလို့ရှိရင်လည်း ဘာမြင်တာတုံး၊ (ဒုက္ခသစ္စာမြင်တာပါဘုရား)ရောဂါမြင်တာ ရောဂါဘာသစ္စာ တုံးမေးလိုက်တဲ့အခါကျတော့ (ဒုက္ခသစ္စာပါဘုရား)။

အဲတော့ အစ်မတို့မှာ ဟိုစောင်းလိုက်၊ ဒီရွဲ့လိုက် ခန္ဓာ က ကြီးတော့ ဟိုပြင်လိုက်၊ ဒီပြင်လိုက် ဟ ဘာဖြစ်နေတုံး (ရောဂါထနေပါတယ်ဘုရား)။

## ရောဂါထနေတယ်လို့သိအောင်လုပ်ပါ

အဲဒီရောဂါထနေတာကြီး ရောဂါထနေတယ်လို့ သိအောင်လုပ်ပါ (တင်ပါဘုရား) ဒီ ရောဂါထနေတယ်လို့ သိနေလို့ရှိရင်ဖြင့် ဒါ ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာ နဂိုရှိလို့ နဂိုင်း

ထွက်လာတာ ဒုက္ခသစ္စာမို့ ကျုပ်ဟာ ဒုက္ခသစ္စာလို့ ပြောတာ ပဲ၊ ရောဂတောဆိုတော့ ဒုက္ခပြောတာ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲတော့ကိုတဲ့ အားနေချိန်ကလေးများရှိသလားဆို တော့ စောင်းလိုက်ရတာနဲ့၊ ငုံ့လိုက်ရတာနဲ့၊ ဆာလိုက်ရတာနဲ့၊ ဟိုဟာလေးစားချင်လိုက်တာနဲ့၊ ဒီဟာလေးစားပြီးအန်ထုတ် ရတာနဲ့ ဘာဖြစ်နေကြတာလဲ (ရောဂါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

မယုံလို့ရှိရင် နှစ်ကုဋေငါးသောင်းသော ဆံပင်တွေ တစ်ပင်တစ်ပင်ဆွဲကြည့် တစ်နေရာမှာ တစ်ရောဂါရှိတယ်၊ တစ်ပင်တစ်ပင်ဆွဲကြည့် စုနေတဲ့ရောဂါတွေပါတယ်။ နာတဲ့ ရောဂါတွေပါပါလာတယ်၊ မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါကြောင့် ခေါင်းတစ်ခုလုံးမှာ ဘာတွေစုနေတုံး မေးရင် (ရောဂါတွေစုနေတယ်) ကိုယ်ထဲမှာ ကိုးသိန်း ကိုး သောင်းသော အမွှေးတွေ အစ်မ တစ်ပင်စီ ဆွဲနှုတ်ကြည့်စမ်း ဘာတွေပြမယ်ထင်တုံး (အနာတွေပြမယ်ဘုရား) အနာတွေ ပြတယ်ဆိုတော့ ရောဂါတွေပြနေတာ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ဘယ်သူကထည့် ပေးတဲ့ရောဂါတုံး သူ့အထဲရှိပြီးသားလားလို့သာ ဒို့ကကြည့်ဖို့ လိုတော့တယ် (တင်ပါဘုရား)။

ကြည့်လိုက်တော့ ဘာတွေတွေ့တုံး (ရောဂါတွေ့ပါတယ်ဘုရား) အဲဒါတွေ့လို့ရှိရင် မင်းတို့က ဒုက္ခသစ္စာတွေ့တာ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ရောဂါတွေ့ရင်ဒုက္ခသစ္စာတွေ့တာ

ရောဂါတွေ့ရင်(ဒုက္ခသစ္စာတွေ့တာပါဘုရား)၊ ဒုက္ခသစ္စာလို့မမြင်ချင်နေပါ၊ ဩော် ဒီဥစ္စာ ရောဂတောပါလား၊ ရောဂါတွေလားလို့ ရောဂါတွေပါလားလို့ဆိုပြီးသကာလ ကြည့်နေနော်။

ကြည့်နေတော့ ရောဂါက ဒုက္ခသစ္စာ၊ ကြည့်နေတာက မဂ္ဂသစ္စာ သွားဖြစ်တယ် (တင်ပါဘုရား)။ မဖြစ်ပါနဲ့ဆိုလို့ရသေးလား၊ အဲတော့ မကြည့်လို့ရှိရင်လည်း ရောဂါက ဒုက္ခနောက်က ဒေါမနဿလိုက်တယ်၊ မကြည့်ရင် (လိုက်ပါတယ်ဘုရား)။

ဒုက္ခနောက်က ဒေါမနဿလိုက်လာပြီ၊ သောကပရိဒေဝတွေလိုက်ပြီးသကာလ၊ ငါဒီတောင်မှ တက်နိုင်ပါတော့မလားဆိုတဲ့ အသွားတွေက မောင်ချစ်ဆွေလာပြီကွ (မှန်ပါဘုရား) ရောဂတော မကြည့်လို့ (တင်ပါဘုရား) ဒါအားနည်းနေတယ်။

အသက်အရွယ်တွေကလည်း ထောက်လာတဲ့အခါ ဒီတောင်မှ တက်နိုင်ပါ့မလား အစရှိသည်နဲ့ ရောဂတော

ဉာဏ်နဲ့မကြည့်ပဲနဲ့ တစ်ခါတည်း ရောဂါနောက်ကနေပြီး သကာလ ဒေါမနဿ သောကပရိဒေဝတွေသာ သူလိုက်နေတယ် သဘောပါပလား (သဘောပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမြင်တာလား ဒုက္ခနောက်က ဒေါမနဿ လိုက်တာလားလို့မေးရင် အစ်မက ဖြေစမ်းပါ (ဒုက္ခနောက်က ဒေါမနဿလိုက်တာပါဘုရား)၊ ဒုက္ခ သစ္စာနောက်က ဒေါမနဿလိုက်နေမယ်ဆို တစ်ကိုယ်လုံးတွယ်လိုက်ရုံပဲ (တင်ပါဘုရား)။

## ရောဂါလာရင် မင်းတို့ကအပါယ်ကျတယ်

ခြွင်းချက်မရှိဘူး ရှိသေးရဲ့လား (မရှိတော့ပါဘုရား) တစ်ကိုယ်လုံးတွယ်လိုက်ရုံပဲ (တင်ပါ့ဘုရား) ဆံပင်လေးဖြူလာလဲ လိုက်ရုံပဲ၊ ထမင်းဆာလာလဲ (လိုက်ရုံပါပဲဘုရား)။

လိုက်ရမှာပဲတဲ့ ကျင်ကြီးကျင်ငယ်စွန့်ချင်ရင်လဲ လိုက်ရမှာပဲ၊ မင်းတို့ဟာက ဘယ်နှယ့် ဖြစ်နေတုံးဆိုတော့ ကျင်ကြီးစွန့်ချင်လဲ အင်းတစ်ခါတည်း အနားရှိတဲ့ ပုဂ္ဂိုလ်တွေ စိတ်ဆိုး၊ အလုပ်ပျက်၊ အကိုင်ပျက်၊ ရောဂါလာရင် မင်းတို့က အပါယ်ကျပြီ သဘောပါပလား (သဘောပါပြီဘုရား)။

ရောဂါလာရင် (အပါယ်ကျပါပြီဘုရား) ဘုရားကလည်း ရှင်သာရိပုတ္တရာက ဒီခန္ဓာကိုယ်ကြီး ဒီလိုကြည့်လို့

ရှိရင် သောတာပတ္တိမဂ်ရတယ်ကွ၊ သူက သောတာပတ္တိမဂ် ရတယ်တဲ့ (တင်ပါဘုရား)။

ခင်ဗျားတို့က ဒယ်အိုး ရနေတယ်ဆိုတော့ ဒါ ဘယ့်နှယ်တုံးကွ၊ ခြားနားနေပါလား (တင်ပါဘုရား) သဘော ကျပလား (သဘောကျပါပြီဘုရား)။

ဒါဖြင့် ရောဂတောဆိုတာက ဘယ်သူဆိုတာပါလိမ့် မတုံးဆိုတော့ တစ်ကိုယ်လုံးမှာ ရောဂါတွေရှိနေလို့ ရောဂ တောဆိုတာလို့ မောင်ချစ်ဆွေက မှတ်ရမယ် (မှန်လှပါ ဘုရား)။

## ရောဂတောပါလားလို့ဉာဏ်နဲ့ကြည့်

ယားလာတိုင်းလာတိုင်း ရောဂတောပါလားလို့ ဉာဏ်နဲ့ကြည့်နေ ဒါတွေရောဂါပါလား၊ ဒါလည်းရောဂါ. . . ဆိုပြီး သကာလ အစ်မဒီလိုကြည့်နေတော့ ရောဂါရယ်၊ ရော ဂါသိတာရယ် နှစ်ချက်သွားနေတယ် (တင်ပါဘုရား)။

နှစ်ချက်သွားတော့ ဒုက္ခဒေါမနဿလိုက်သေးရဲ့လား မလိုက်တော့ပါဘူး၊ မလိုက်တော့ဘူး၊ ဒါဖြင့် ရောဂါကို သိခြား သော်လည်းတဲ့ ရောဂါမသိတဲ့ပုဂ္ဂိုလ်ကတော့ကို ဒီခန္ဓာကိုယ် ကြီးက ပင်ကိုကရောဂါ ဒုက္ခသစ္စာလို့ မသိတဲ့ပုဂ္ဂိုလ်ကျတော့

ကို သောကပရိဒေဝတွေအကုန်လာတော့တာပဲ (တင်ပါဘုရား)။

သူများဖြစ်လဲ ကိုယ်ကလာတယ်၊ ကိုယ်ဖြစ်လည်းလာတာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အပါယ်လိုင်စင်ခံထားသလို

သူများဖြစ်လည်း (ရောက်လာတာပါပဲဘုရား) ကိုယ်ဖြစ်လည်း (သူရောက်လာတာပါပဲဘုရား) သူလာတာပဲဆိုတော့ မင်းတို့ဥစ္စာက အပါယ်လိုင်စင်ခံ licence ထားသလိုဖြစ်နေတယ်။ သူများဖြစ်လည်း ငါအပါယ်သွားမယ်၊ ငါဖြစ်လည်း ငါသွားမယ်၊ ဒီလိုလိုင်စင်ယူထားတာနဲ့ သိပ်တူတယ် (တင်ပါဘုရား) မတူဘူးလား (တူပါတယ်ဘုရား)။

အဲတော့ ငါ့ဥစ္စာက ကိုယ်တိုင်မသိလို့ အပါယ်ရောက်ရတာနဲ့တစ်မျိုး၊ လောကွတ်ချော်မှုကြောင့် အပါယ်ရောက်ရတာတစ်မျိုး ပေါ်ပလားကွ (ပေါ်ပါတယ်ဘုရား)။

## လောကွတ်ချော်မှုကြောင့် အပါယ်ကျရတာ

ကိုယ်တိုင်မသိလို့ (အပါယ်ရောက်ရတာတစ်မျိုးပါဘုရား) လောကွတ်ချော်မှုကြောင့် (အပါယ်ကျရတာတစ်မျိုး

ပါဘုရား) အဲတော့ လောကွတ်ချော်မှုကြောင့် အပယ်ကျ တာ သာနာတယ် (တင်ပါဘုရား)။

ဘယ်ဟာတုံးကွ (လောကွတ်ချော်ပြီးတော့ အပယ်ကျရတာ ပိုပြီးနာပါတယ်ဘုရား) မနာဘူးလား (နာပါတယ် ဘုရား)။

အဲတော့ မင်းတို့ကလည်း ဖြစ်ချင်းဖြစ် ကိုယ်ပဲဖြစ်ပါတော့၊ အောင်မာ - လောကွတ်ချော်လိုက်တာ၊ ဘာပြောတာတုံးကွ ကိုယ်ဖြစ်တာလည်း သူမသိဘူးတဲ့၊ မသိဘူးပြောလိုက်တာပဲ (မှန်ပါဘုရား)။

ဟိုကလည်း ရောဂါတွေနဲ့ ဖြစ်ချင်းဖြစ် ကိုယ်သာဖြစ်ချင်ပါတယ်၊ သူတို့ဖြစ်တာကို ကျုပ်မကြည့်နိုင်ပါဘူး၊ ဘာဖြစ်လို့တုံး ဆူလွန်းလို့ ရှုပ်လွန်းလို့ စိတ်မချမ်းသာလွန်းလို့ ကိုယ်ကတော့ ခြောက်ပြစ်ကင်းဖြစ်နေတာ (မှန်ပါ) ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲ ဒါနဲ့ အဲဒီလောကွတ်တွေဟာလည်း ခုဟာက သူ့ခြောက်ပြစ်ကင်းလို့ လောကွတ်လုပ်တာလား၊ သူ့ရောဂါကို သူမမြင်လို့ လောကွတ်လုပ်ရဲတာလားဆိုတာလည်း မင်းတို့ နှစ်ယောက်စလုံးတွေးပါ (ရောဂါကို သူမမြင်လို့ လောကွတ် လုပ်ရဲတာပါဘုရား)။

## သူ့ရောဂါသူမမြင်လို့ လောကွတ်လုပ်တာ

သူ့ရောဂါ သူမမြင်တာနဲ့ လောကွတ်လုပ်တာ (တင်ပါဘုရား) သူ့ရောဂါ သူမမြင်လို့ လောကွတ်လုပ်တော့ ကို လောကွတ်အပြုခံရတဲ့ ပုဂ္ဂိုလ်ကလည်း ဟုတ်ရှာလိမ့်မယ်လို့ လိုက်သေးလားကွ၊ ဟုတ်ရှာလိမ့်မယ်လို့ လိုက်လို့ရှိရင် သူကလည်း တစ်မျိုးရှုးတာပဲ (တင်ပါဘုရား)။ သူ့ရောဂါ သူမသိဘူးဟုတ်လား၊ ဟိုဘက်သာငဲ့သွားတယ် သူ့ရောဂါ သည် မဂ်နဲ့ မဖြတ်တော့ဘူး၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

ဟိုဘက်ကျတော့ ဩော် ခင်ရှာတယ်၊ မင်ရှာတယ် ကြင်နာရှာတယ်ဆိုပြီး တဏှာ၊ ဥပါဒါန်၊ ကံ လုပ်ချလိုက်တာ လောကွတ်ချော်ခံရတဲ့ ပုဂ္ဂိုလ်က လောကွတ်ချော်တဲ့ ပုဂ္ဂိုလ်ကတော့ ဒုက္ခဒေါမနဿနဲ့ အပါယ်သွားတယ် (တင်ပါဘုရား)။

ဒါဖြင့် လောကွတ်ချော်တဲ့ပုဂ္ဂိုလ်က အပါယ်သွား၊ လောကွတ်အချော်ခံရတဲ့ပုဂ္ဂိုလ်က ပြိတ္တာသွား၊ ရိပ်မိပလား (တင်ပါဘုရား)၊ ဘယ်သူများ အမျှဝေလို့ရမယ်ထင်ကြတုံး၊ (မည်သူမှ ရမှာမဟုတ်ပါဘူးဘုရား)။

## မျောက်နှစ်ကောင်ရန်ဖြစ်သလို

အဲဒါ မင်းတို့က ဘယ့်နှယ်ဖြစ်နေတုံးမေးတော့၊ ဆရာသမား အမှန်အကန်နဲ့ အရင်းကျကျပြောတော့၊ ငါပြောနေကျ အတိုင်းကွ၊ သစ်ပင်ပေါ် မျောက်နှစ်ကောင် ရန်ဖြစ်သလို ဖြစ်နေတယ်၊ အကုန်သစ်ကိုင်းနဲ့ လွတ်ကုန်တယ် ဒေါသကြောင့် ခြေကလည်းမကိုင်နိုင်ဘူး၊ လက်ကလည်း မကိုင်နိုင်တော့ နှစ်ယောက်စလုံး အောက်ကျတယ် ဘယ်သူ သက်သာတုံး (မည်သူမှ မသက်သာပါဘူးဘုရား)။

အဲတော့ မသက်သာတဲ့နည်းဟာ လိုက်ဖို့မလိုဘူး (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား) ဘယ်လိုမှတ်ကြမတုံး (မသက်သာတဲ့နည်းလိုက်ဖို့မလိုပါဘုရား) မသက်သာတဲ့နည်းဆိုတာကွ (တင်ပါဘုရား)။

မသက်သာတဲ့နည်းကို လိုက်ဖို့မလိုဘူးဆိုတဲ့ဥစ္စာ ဟိုကပြောတာလည်း ကိုယ်ကရမ်းမယုံနဲ့၊ ကိုယ်ကလည်း ယုံပြစ်လည်းသင့်တယ်၊ ဟိုကပြောပြစ်သင့်တယ် (တင်ပါဘုရား) ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) ရောဂတောတော့ ဒီနေ့ဆုံးမှာ မဟုတ်ပါဘူး၊ ဒီလိုပဲရှိတယ် အစ်မရဲ့ မဖွင့်လို့ရှိရင် သိကို မသိဘူး။

ဖွင့်မပြောလို့ရှိရင်လေ ဟိုလောကွတ်သမားကလည်း သူ့ရောဂါ သူမမြင်လို့ လောကွတ်လုပ်တာကွ၊ (တင်ပါဘုရား)

ဟုတ်လား၊ ဒီကလည်း ကိုယ့်ရောဂါကိုယ်တော့ သိတော့ သိပါရဲ့ ဟိုဘက်အငှဲက များသွားတယ် (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

ဩော်- ခင်ရှာတယ်၊ မင်ရှာတယ်၊ စိုးရိမ်ရှာတယ်၊ ကြောင့်ကြရှာတယ်၊ ရှာဘက်လှည့်သွားတယ်။ မလှည့်ဘူးလား (တင်ပါဘုရား)၊ အဲဒီလှည့်တဲ့အခါကျတော့ကို မသိလို့ လောကွတ်ရှာတဲ့ပုဂ္ဂိုလ်ဟာ အပါယ်သွားတယ် (တင်ပါဘုရား)။

## သစ္စာမသိတဲ့အပြစ်သင့်ပြီ

သိလို့လက်ခံတဲ့ပုဂ္ဂိုလ်က ပြိတ္တာသွားဆိုတော့ ဒါဟာ ဘာဖြစ်လို့တုံးဆိုတော့ သစ္စာပြတာကို သစ္စာမသိတဲ့အပြစ်နဲ့ သွားရတာ (တင်ပါဘုရား) ခန္ဓာက သစ္စာပြတာ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဟိုက နှစ်ယောက်စလုံး မသိပြစ်သင့်ပြီး အပါယ်ရောက်သွားကြတာ၊ ဘာတုံး (နှစ်ယောက်စလုံး မသိပြစ်သင့်ပြီး အပါယ်ရောက်တာပါဘုရား) အဲဒါ မင်းတို့ကပါ အတုခိုးတယ်၊ ဘယ်လို အတုခိုးမလဲ၊ ဟိုဘက်အိမ်က လင်မယားက တယ်ယုယတာပဲ၊ တစ်ယောက် တစ်ယောက်ဟာ ကြင်ကြင်

နာနာတယ်ရှိတယ်၊ လာသေးတာ အစ်မ ဒီလိုဟာတွေက တစ်ပုံကြီး‌ဗျ မများဘူးလားကဲ။

(တပည့်တော်တို့ ကိုယ်တိုင်က ဒါ ဂုဏ်ယူပါတယ် ဘုရား) အေး-ဂုဏ်ယူတာကလည်း အောက်ခြေကော အထက်ခြေကော လွတ်ပြီကွ (မှန်ပါဘုရား)။

အောက်ခြေတင်မကဘူး၊ အောက်ခြေတွေက မလွတ်လို့ရှိရင် ဒီမျောက်အပေါ်နေဦးမှာ၊ ခုတော့ အောက်ခြေကော အထက်ခြေကော လွတ်နေတယ် (လွတ်နေပါတယ်ဘုရား)။ လွတ်နေတော့ လူကျချင်လို့ အဓိပ္ပါယ်ရောက်ပါတယ်တဲ့ ဒီဥစ္စာက ရောဂတော တစ်လုံးကို မပိုင်ကြတာပေါ်ပလား (ပေါ်ပါပြီဘုရား)။

## သောတာပန်တည်စေဖို့ဟောတာ

ဘာမပိုင်တာတုံး (ရောဂတောတစ်လုံးကို မပိုင်လို့ပါဘုရား)။ ရှင်သာရိပုတ္တရာက အခု ဒါဟာ သူတို့အတွက် ပြောတဲ့ရောဂတောလားတဲ့၊ နောင်လာနောက်သားများ ဒီရောဂတောကြည့်ပြီးသောတာပန်တည်ပါစေတော့လို့ ဟောတာလားဆိုတာလဲ အကဲခတ်ပါဦး (နောင်လာနောက်သား အတွက် သောတာပန်တည်ဖို့ ဟောတဲ့တရားပါဘုရား) နောက်ခြေရှေ့ခြေ လွတ်ဖို့ ဟုတ်ကဲ့လား ပေါ်ပလားကွ။

ဒီတရားဟာ အစ်မ သေသေချာချာ စစ်ပြီးထုတ်တော့မှ ကိုယ့်အမှားတွေဟာ သိပ်ကြီးနေတာ (တင်ပါဘုရား) မကြီးဘူးလား (ကြီးပါတယ်ဘုရား) ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်ကလည်း အမှားကြီးတာပဲ၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကကော (အမှားကြီးပါတယ်ဘုရား) အမှားကြီးတာပဲတဲ့။

## အမှန်ရဖို့ဆုံးမနေတာ

ဒီလမ်းဟာ မှားနေပြီကွ၊ မှားလို့ပဲ ချုပ်တပ်ပေါင်းတွေနဲ့ ရှုပ်နေပြီ၊ ရှေ့တိုးလို့တော့ဖြင့် ရဖို့မြင်သေးရဲ့လား (မမြင်ပါဘုရား) မင်းတို့ ဒီလမ်းက ပြန်ဆုတ်ပေ့၊ မင်းဟာ ဒီလမ်းသွားလို့ မတော်ပါဘူး အစပျောက်ပြီ (တင်ပါဘုရား) ဆုတ်ရမှာပဲ၊ ပြန်ဆုတ်မှရမယ် (တင်ပါဘုရား) နဂိုက မသိမှားကို ဟုတ်ဘူးလား၊ ခုတော့ မှားမှန်းတော့ ဘယ်နဲ့နေကြတုံး (သိပါပြီဘုရား)။

သိတော့ ဘယ့်နှယ့်လုပ်မတုံး (နောက်ပြန်ဆုတ်ရမယ်ဘုရား) နောက်ပြန်ဆုတ်ရမှာ၊ မင်းတို့ ဒါအမှန်ရဖို့ဆုံးမနေတာ လွယ်တာမဟုတ်ဘူး (တင်ပါဘုရား) ဒီဉစ္စာက။

ကဲ ဒါဖြင့် ဒီရောဂတော တစ်လုံးကို မပိုင်လို့ရှိရင်ဖြင့် လောကွတ်ချော်မှုလည်း လက်စသတ်မှာမဟုတ်ဘူး (မှန်လှပါဘုရား) ဟုတ်ဘူးလား (တင်ပါ) လောကွတ်လက်ခံမှုကော

(လက်စမသတ်ပါဘူးဘုရား) အဲတော့ ဘယ်သူကောင်းတုံးလို့ မေး ဘယ့်နှယ်ဖြေကြတုံး(ဘယ်သူမှ မကောင်းပါဘူးဘုရား) ဒါ ရောဂတော တစ်လုံးလုံးလှမ်းပြီး ပိုင်လိုက်တာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရောဂတော တစ်လုံးကို (နှစ်ဦးစလုံးမပိုင်တာပါဘုရား) လောကွတ်ချော်တဲ့ပုဂ္ဂိုလ်လည်း မပိုင်ဘူး၊ လောကွတ်လက်ခံတဲ့ပုဂ္ဂိုလ်ကလည်း (မပိုင်ပါဘုရား)၊ သိပ်ကြောက်စရာကောင်းပါလား ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## ရောဂါမှန်းသိမှ ရောဂါဆုံးမယ်

ကဲ ဒါဖြင့် နောက်ကျတော့၊ ကိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီရောဂါကို ရောဂါမှန်းသိမှ ရောဂါမုန်းမှ ရောဂါဆုံးတယ်၊ ဟုတ်ဘူးလား (မှန်ပါဘုရား)။

အဲတော့ ရောဂါပျောက်ချင်လို့ရှိရင်ဖြင့် ရောဂါမှန်းသိမှ ရောဂါမုန်းမှာကို၊ ရောဂါမုန်းမှ ရောဂါပျောက်မှာ (တင်ပါဘုရား)၊ ဟုတ်ဘူးလား (မှန်ပါဘုရား) ရောဂါ မေးရုံနဲ့ ပျောက်တာမဟုတ်ဘူး၊ လောကွတ်ချော်လို့မပျောက်ဘူး၊ လက်ခံနေလို့လည်း (မပျောက်ပါဘုရား) ဘယ့်နှယ်လုပ်မတုံး ဒါဖြင့် (ပျောက်အောင်တော့လုပ်ရမှာပါဘုရား)။

## ရောဂါပျောက်ချင်ဆုံးအောင်လိုက်

ရောဂါမှန်းသိအောင်လုပ်ရမယ်၊ ပြီးတော့မှ ရောဂါ မုန်းအောင်လုပ်ရပြီးတော့ ရောဂါဆုံးအောင် (လုပ်ရမယ် ဘုရား)၊ အဲတော့ ရောဂါပျောက်ချင် ဆုံးအောင်လိုက် ဟုတ်ဘူးလား (တင်ပါဘုရား)။

လောကွတ်ချော်လို့ မပျောက်လို့ပြောနေပါတယ် (မှန်ပါ) လောကွတ်လက်ခံလို့မပြီးလို့ ပြောနေပါတယ် ပေါ်ပလားကွ၊ဒါဖြင့် ရောဂါဆုံးအောင် လိုက်ရမယ်ဆိုတဲ့ ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေချာဟောပါတယ်တဲ့၊ ဒီရောဂတောဆိုတဲ့ဥစ္စာကွာတဲ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက "ခေမံ"လို့ ဟောပါတယ်နော် (တင်ပါဘုရား)။

## ဘေးမရှိတော့ဘူး

"အသောကံ ဝိရဇံ ခေမံ" လို့ မလာဘူးလား (လာပါတယ်ဘုရား) ခေမံဆိုတာ ရောဂါမရှိတာ (တင်ပါ) ခေမံကော ဖြစ်သွားတယ် ဘေးမရှိတော့ဘူး၊ ရောဂါက ဘေးကို (တင်ပါ)။

အဲတော့ ရောဂါဆုံးအောင်လိုက်ရင် ရောဂါမရှိဘူး ကွ (တင်ပါဘုရား) ရောဂါဆုံးအောင်မလိုက်ဘဲနဲ့ နေကြလို့ရှိ

ရင်ဖြင့် လောကွတ်ချော်မှုရယ်၊ လက်ခံမှုရယ် နှစ်ပြစ်သင့်တယ် (တင်ပါဘုရား)။

သဘောကျပလား (သဘောကျပါပြီဘုရား)၊ လောကွတ်ချော်မှုရယ် (လက်ခံမှုရယ် နှစ်ပြစ်သင့်ပါတယ်ဘုရား) နောက်တော့ ဒီလိုလုပ်ကြ မင်းက ပြောမယ့်ကြဲလို့ရှိရင် အို ကျုပ်တို့ ဒါသိထားပြီ၊ မင်းဘယ့်နှယ်နေတုံး လာမေးရင် တော်တော့၊ ဟိုကလောကွတ်ချော်ပြလို့ရှိရင် မင်းက ဘယ့်နှယ်တုံး (တော်တော့လို့ ပြောရမှာပါဘုရား) တော်တော်လုပ်ရမယ်၊ ရိပ်မိပလားကွ (ရိပ်မိပါပြီ)။

## လူကြီးက လူကြီးပီပီနေပါ

ဒါက ဘာတုံးလို့ဆိုလို့ရှိရင် အောက်ကိုအတု မခိုးအောင်လို့ပြောပါတယ်။ လူကြီးက ကလေးကို အတုခိုးဖို့ မလိုပါဘူး ဟုတ်လား၊ လူကြီးက လူကြီးသုံး လူကြီးနေနဲ့ လူကြီးပီပီနေဖို့ အရေးဟာက ကိုယ်လိမ္မာတဲ့အရေးပါ (တင်ပါဘုရား)။

ဒါဖြင့် အောက်ကို စာနာနေလို့ရှိရင်ဖြင့် မသိတဲ့ ပုဂ္ဂိုလ်စာနာနေလို့ရှိရင် မသိတဲ့လမ်းသွားရမှာ၊ မသိသော ပုဂ္ဂိုလ်တို့၏ သွားရာလမ်း သွားရမယ် (တင်ပါဘုရား)

ပေါ်ပလားကွ (ပေါ်ပါပြီဘုရား) ကြောက်စရာကြီးပါလားကွ (ကြောက်စရာကြီးပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကွ လောကွတ်ချော်ရင် တော်ပြီ၊ တော်ပြီ လက်မခံနဲ့၊ ဒါသေချာလုပ်ရမှာ အစ်မရဲ့၊ မလုပ်ထိုက်ဘူးလားကဲ၊ (လုပ်ထိုက်ပါတယ်ဘုရား) မင်းကလည်း ဟုတ်ရှာလိမ့်မယ်လို့ လိုက်မနေနဲ့ဦးကွ၊ အစ်မကလည်း ဟုတ်ရှာလိမ့်မယ်လို့ လိုက်မနေနဲ့ (တင်ပါဘုရား)။

ဟုတ်ရှာလိမ့်မယ်ဆိုတဲ့ဥစ္စာက ဘာဖြစ်လို့တုံးဆိုရင် ဖြင့်. . တဲ့ မျောက်နှစ်ကောင် ရန်ဖြစ်တဲ့အဓိပ္ပါယ်ပဲ ပြန်ရောက်နေတယ် အကုန်လုံး အောက်ခြေအထက်ခြေ လွတ်နေတယ် (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## ကိုယ့်ရောဂါ ကိုယ်သိမ်းမှရမယ်

အောက်ခြေ အထက်ခြေလွတ်နေရင် သေပွဲပဲတွေ့မယ် နှစ်ကောင်စလုံး လိမ့်ကျမယ် (တင်ပါဘုရား)၊ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား) ဒါဖြင့် သူ့ရောဂါဖြစ်တာ ကိုယ်မကြည့်ချင်ဘူး၊ ကိုယ့်ရောဂါဖြစ်တာ သူမကြည့်ချင်လို့ ရှိရင် ကိုယ့်ရောဂါ ကိုယ်သိမ်းမှရတယ် သူများသိမ်းလို့မရဘူး (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

(မိမိရောဂါ မိမိသိမ်းမှရမှာပါဘုရား) သူများ

လောကွတ်ချော်လို့ (မရပါဘူးဘုရား) သူများပြောတာတွေ လက်ခံပြီးယုံနေရင်ကော (မဖြစ်ပါဘူးဘုရား) ပေါ်ပြီကွ၊ ဒီတစ်ခါတော့ ရန်တိုက်တယ်လို့ အောက်မေ့မနေနဲ့နော်၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရောဂါမြင်အောင် ကြည့် (တင်ပါဘုရား) ရောဂါမြင်အောင်ကြည့်ဆိုတာက ခန္ဓာကိုယ်ထဲ ယားယား နာနာ အောင့်အောင့် ကောင်းကောင်း ကောင်းတာလည်း ရောဂါပဲကွ (မှန်ပါဘုရား)။

## အိပ်လို့ကောင်းတာရောဂါ

အို-အိပ်လို့ကောင်းလိုက်တာဆိုတာလည်း ရောဂါပဲ အိပ်လို့ကောင်းလိုက်တာလဲ ရောဂါပဲတဲ့၊ ဘာဖြစ်လို့ အိပ်လို့ ကောင်းတာရောဂါလို့ဆိုရတုံးဆိုတော့ ထိနမိဒ္ဓကိုကွ (တင်ပါဘုရား)။

ထိနမိဒ္ဓဆိုတော့ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား) အကုသိုလ်ရောဂါကြီး သဘောကျ ပလား (သဘောကျပါပြီဘုရား)။

## တစ်ကိုယ်လုံးရောဂါတွေစုနေတာ

ကောင်းပြီ ဒါဖြင့် စိတ်ထဲက အားလုံးပေါ်လာသရွေ့

ဟာ ခန္ဓာကိုယ်ကြီးထဲက ရောဂါထုကြီးက ဖြစ်လာတော့ တစ်ကိုယ်လုံးရောဂါတွေစုနေတာ သူက ပေါက်ဖွားလာပြီး ထူးထူးချွန်ချွန်ပြတာ ဟူသရွေ့ကိုဖြင့် ရောဂါငြိမ်းတယ်လို့ မယူလိုက်ပါနဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

သူကပေါက်ဖွားလာတာတွေဟူသရွေ့ဖြင့် ဘယ်နည်းနဲ့မှ ရွှေငွေမဟုတ်ဘူး၊သူက ရောဂါပဲထွက်မယ်၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဟိုပြောင်း ဒီပြောင်းဟာ ဘာပါလိမ့်ကွာ(ရောဂါပါဘုရား) ရောဂါပဲဆိုတာ ပေါ်ပလား ဟိုဟာတွေ၊ ဒီဟာတွေဆောင်ထားတာတွေကောကွာ (ရောဂါတွေပါဘုရား) ရောဂါမို့ ဆောင်ထားရတာတွေ၊ အမျိုးတွေ ဟိုဆွေ ဒီဆွေတွေကူညီရတာတွေကော (ရောဂါကြောင့်ကူညီရတာပါဘုရား)။

ကဲဒါဖြင့် သူရောဂါရှိလို့ ရောဂါနဲ့ဆိုင်ရာတွေ အကုန်ဆောင်ထားရတယ်ဆိုတာ ပေါ်နေတော့ ရောဂတောဟာ သေချာတယ် မသေချာဘူးလား (သေချာပါတယ်ဘုရား)။

## ရောဂါပျောက်ချင်ရင်အဆုံးလိုက်ပါ

ဒါဖြင့် ဒီနေ့ တရားမှာ ရောဂါရှိတာသိမှု (၁)နံပါတ်၊ ရောဂါမုန်းအောင် ဉာဏ်လိုက်ဖို့ (၂)နံပါတ်၊ ရောဂါပျောက်ချင်ရင် အဆုံးလိုက်ပါ (တင်ပါဘုရား)။

အဆုံးလိုက်လို့ရှိရင်ဖြင့် သူများ လောကွတ်ချော်တာနဲ့ ကိုယ်မကျွန်းမာဘူး၊ ကိုယ်လက်ခံနေတော့ ကိုယ်မကျန်းမာဘူး၊ ကိုယ့်ဟာကိုယ်သိမ်းမှ ကိုယ်ကျန်းမာမယ်ဆိုတာ ရှင်းသွားပြီ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား) ဒီလိုရှုနိုင်ရင် သောတာပန်တည်ပါသတဲ့ (တင်ပါဘုရား) ရှင်ပြီနော် (ရှင်းပါပြီဘုရား)။

ကဲ ဒီတွင် တော်ပါဦး

သာဓု . . . သာဓု . . . သာဓု . . .။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# သောတာပန်မှ ရဟန္တာဖြစ်သည်အထိ
# အလုပ်စဉ် (၂)

( ၁၄-၃-၆၂ )

ရဟန္တာကြီးနှစ်ပါး အမေးအဖြေလုပ်တယ်ဆိုတာ မနေ့ကလည်း ပြောခဲ့ပါတယ် . . တဲ့ သူတို့ အရေးလို့ အားလုံး မထင်ကြပါနဲ့. နောင်လာနောက်သားတို့၏ အရေးဆိုတာ ဆုံးဖြတ်ချက်ချပြီး မှတ်ထားရမယ်။

သူတို့အရေး ဘာလိုတော့တုံးတဲ့ . . . သူတို့ ဒီဘဝ စုတေပြီးနောက် ပဋိသန္ဓေမလာတဲ့ ပုဂ္ဂိုလ်တွေပဲ . . . သူတို့ အရေးက ဘာမှမပါဘူးလို့ ဆုံးဖြတ်ချက်ချ (တင်ပါဘုရား)။

ဒါဖြင့် ဘယ်သူ့အရေးဆိုမတုံးလို့ မေးတဲ့အခါကျ တော့ တရားနာနေတဲ့ ပုဂ္ဂိုလ်တို့၏ အရေးဆိုတာကို ဆုံးဖြတ် ချက်ချ။

## အလုပ်စဉ်အတိုင်း လုပ်ရမှာ

ဩော် ဒီအရေးသည်ကားလို့ဆိုရင်ဖြင့် နာဖို့အရေးလား၊ ဒီအလုပ်စဉ်အတိုင်း သွားဖို့အရေးလား . . . ဆိုတာကိုလည်း ဝေဖန်ကြ (မှန်ပါဘုရား)။

ဝေဖန်လိုက်တဲ့အခါကျလို့ရှိရင် နာဖို့အရေးက တစ်ချီနာလို့ နားလည်ရင် တစ်ချီနာ၊ နှစ်ချီနာမှ နားလည်ရင် နှစ်ချီနာ၊ သုံးချီနာမှ နားလည်ရင် သုံးချီနာ၊ လုပ်ရမှာကတော့ဖြင့်တဲ့၊ နာရုံနဲ့ မပြီးလို့ လုပ်ရမှာကတော့ဖြင့် မီးပွတ်ငံယောက်ျားကဲ့သို့ မီးမထွက်၊ ထွက်အောင်ပွတ်ရသလို ဒီမှာလည်း ကိလေသာ မခန်းခြောက်၊ ခန်းခြောက်အောင် လုပ်ကြရမှာပဲဆိုတာ မှတ်ကြရမယ် (တင်ပါဘုရား)။

## တရားကို ဘယ်လိုနှလုံးသွင်းရမှာတုံး

သူဟောတာက နာဖို့ဟောတာလား၊ အလုပ်စဉ်ပေးတာလားဆိုတာ မေးကြည့်တော့မှ **"သီလဝတာ အာဝုသော သာရိပုတ္တဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသသိကာတဗ္ဗာ"** သီလရှိတဲ့ ပုဂ္ဂိုလ်၊ အရှင်ဘုရားတဲ့ ဘယ်လိုတရားကို နှလုံးသွင်းမှန်မှန်လုပ်ရမှာတုံးလို့မေးတော့ နာဖို့ကို မပါဘူး (မပါပါဘူး ဘုရား) နာဖို့ကို မပါဘူး၊ (တင်ပါဘုရား)။

## သီလရှိတဲ့ပုဂ္ဂိုလ် ခန္ဓာငါးပါးကို နှလုံးသွင်းပါ

"သီလဝ တာ အာဝုသော ဘိက္ခု၊ ကတမေ ဓမ္မာ ယောနိသော မနသသိ ကာတဗ္ဗာ" သီလရှိတဲ့ရဟန်း၊ သီလရှိတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်တရားကို နှလုံးသွင်းရမှာတုံးလို့ ရှင်ကောဋ္ဌိက က မေးတယ်။ မေးတော့ ရှင်သာရိပုတ္တရာက သီလရှိတဲ့ ပုဂ္ဂိုလ် နှလုံးသွင်းရမှာပေါ့လို့ ဆိုသဖြင့် နှလုံးသွင်း ရမယ်လို့ ဟောနေတာ နာပါလို့ဟောတာ မဟုတ်ဘူး (မှန်ပါ)။

အဲတော့ မင်းက ထပ်ထပ်ပြီး သကာလ နာနေတယ် ထိုင်တော့ မထိုင်ဘူးဆိုလို့ရှိရင်တော့ ဒီဥစ္စာ ဟင့်-အင် !

ဟောတဲ့ ပုဂ္ဂိုလ်ကလည်း မေးကြ၊ ဖြေကြ၊ မြန်းကြတဲ့ ရဟန္တာ နှစ်ပါးကလည်း သီလရှိတဲ့ ပုဂ္ဂိုလ် ဘယ်ကဲ့သို့ နှလုံးသွင်း ရမလဲ လို့ မေးတာပဲ '(မှန်ပါ) နှလုံးသွင်းဆိုတာ ဘယ်လို စူးစိုက်ရှုရ မှာတုံး ဆိုတော့ လောကီခန္ဓာ ငါးပါးရှိတယ်ကွတဲ့ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး၊ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးကို အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ သုညတော၊ အနတ္တတော၊ ဒီထဲကကွာတဲ့ အခုတောတွေ ငါဟောထား ပါတယ်တဲ့။

## အားထုတ်နိုင်ရင် သောတာပန်တည်တယ်

ဒီထဲက တစ်ပါးပါးနဲ့ မင်းတို့အားထုတ်နိုင်ကြလို့ရှိရင် နှလုံးသွင်းမှန်ပြီး အားထုတ်နိုင်ကြလို့ရှိရင် သောတာပန် တည်ပါတယ် ဆိုတော့ နှလုံးသွင်းဖို့ ခိုင်းတာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားနာဖို့ ဟောပါသလား၊ နှလုံးသွင်းဖို့ ဟောပါသလားဆို ဘယ့်နှယ် ဖြေကြမတုံး (နှလုံးသွင်းဖို့ ဟောပါတယ်ဘုရား)။

နာဖို့မဟုတ်ဘူး နာတာက ပထမတစ်ချီ၊ နှစ်ချီ၊ သုံးချီ၊ ဉာဏ်ဖျင်းလို့ရှိရင် သိအောင်နာဖို့ပဲ။

## ခန္ဓာကြီးကို ဒီလိုနှလုံးသွင်းပါ

နာရုံပင်နာဖူးတဲ့အတွက် ဘယ်လိုနှလုံးသွင်းရ မတုံးလို့ မေးတော့၊ ဒီလိုနှလုံးသွင်းလိုက်လို့ သူက ခန္ဓာကိုယ် ရှိတယ်၊ ၎င်းခန္ဓာကြီးကိုဖြင့် နှလုံးသွင်းမှန်မှန်နဲ့ကွာ အနိစ္စလို့ သွင်းသွင်း၊ ဒုက္ခလို့သွင်းသွင်း၊ အနတ္တလို့သွင်းသွင်း၊ ရောဂါ လို့သွင်းသွင်း၊ အဃတော = ဆင်းရဲတဲ့တရားလို့ပဲ သွင်းသွင်း အဃမူလတော = ဆင်းရဲခြင်း၏ အကြောင်းဖြစ်တဲ့ တရားလို့ သွင်းသွင်း၊ ပရတော-တဲ့ သစိမ်း[illegible]ပလိုပဲ သွင်းလဲရတာပေါ့။

ချက်စီးတာနဲ့ ကိုက်အောင်၊ ကိုယ်က နှလုံးသွင်းလည်း ပြီးတာပါပဲ။

သုညတောတဲ့ ငါ၊ ငါ့ဥစ္စာမှ ဆိပ်တဲ့တရား ဒီတရားပါ သားလို့ နှလုံးသွင်းနေရင်လည်း ဒါသောတာပန်တည်တာ ပါပဲကွ (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## အလုပ်လုပ်စေချင်လွန်းလို့ ပြောတာ

ဒါဖြင့် ဒီတရား အစ်မတို့က စဉ်းစားရမယ်၊ ရဟန္တာကြီး နှစ်ပါးသည် နာစေချင်လွန်းလို့ ပြောတာလား၊ လုပ်စေချင်လို့ ပြောတာလားဆိုတာ အကဲခတ်ပါ (လုပ်စေ ချင်လွန်းလို့ ပြောတာ ပါဘုရား)။

အဲ လုပ်စေချင်လွန်းလို့ ပြောတဲ့ အဓိပ္ပါယ်ကို ရှင်းမှ သာလျှင်တဲ့ ဒကာဒကာမတွေ နာတာက ဓမ္မဿဝန၊ ဓမ္မတွေ ဓမ္မသာဝန ကုသိုလ်ဖြစ်တယ်နော် (တင်ပါဘုရား)။

နာတာက ဓမ္မဿဝန ကုသိုလ်၊ ဓမ္မဿဝန ကုသိုလ်သာ ဖြစ်တော့ ဒါက ကာမာဝစရ ကုသိုလ်သာ ရှိပါ တယ်တဲ့ လောကုတ္တရာကုသိုလ် မဖြစ်ဘူး (တင်ပါဘုရား)။

## ကာမထဲ လည်တဲ့ကုသိုလ်

နှလုံးသွင်းလိုက်တဲ့အခါကျတော့ လောကုတ္တရာဘက် ကူးသွားတယ်၊ ဒါဖြင့် ကာမာဝစရနဲ့ လောကုတ္တရာနဲ့ ကာမာဝစရဆိုတာ ကာမထဲ ကျင်လည်တာ ကာမာဝစရကုသိုလ်ခေါ်တယ်၊ ကာမမှ ထွက်မြောက်သွားတာက လောကုတ္တရာလို့ ခေါ်တယ်၊ အဲတော့ ကာမကုသိုလ်ကြိုက်သလား၊ ကာမမှ ထွက်မြောက်တာ ကြိုက်သလားလို့ အမေးမေးလို့ရှိရင် မည်သူမဆို ကာမမှ ထွက်မြောက်မှုပဲ လောကုတ္တရာရောက်မှာပဲ (တင်ပါဘုရား)။

## လောကုတ္တရာ အခြေခံကုသိုလ်

အဲတော့ ကာမကုသိုလ်ထဲ မရောက်လို၍ လောကုတ္တရာ အခြေကုသိုလ်ကို လိုက်ပါဆိုတာ လေးစားစွာနဲ့ တိုက်တွန်းရတယ်၊ သဘောပါပလား (သဘောပါပါပြီဘုရား) ကုသိုလ် နှစ်ခုကို ခွဲပြောလိုက်တယ် (တင်ပါဘုရား)။

အဲတော့ ပုညကိရိယာ ဝတ္ထု (၁၀) ပါးဆိုတာ ရှိတယ် ဒါန သီလ ဘာဝနာ၊ သူက ဓမ္မသာဝန ကုသိုလ်ဆိုတဲ့ဥစ္စာ၊ ဒါန သီလ ဘာဝနာထဲမှာ သွင်းလိုက်တဲ့အခါကျလို့ရှိရင် သူက ဘာဝနာထဲ မပါဘူး (တင်ပါဘုရား) မပါပါဘူးတဲ့။

မပါတော့ ဘာဝနာ ဖြစ်မှသာလျှင်လည်း ဘာဝေ

တဗ္ဗ ကိစ္စ၊ ဘာဝေတဗ္ဗကိစ္စရှိမှ ပဟာတဗ္ဗကိစ္စဘက် လှည့်တယ် (တင်ပါ)။

## ပွားများမှုရှိမှ ပယ်မှုရှိမယ်

ပွားများမှု ရှိမှသာလျှင် ပယ်မှုကိစ္စဘက် လှည့်တယ်၊ ပယ်မှုကိစ္စရှိမှသာလျှင် ဒဿနကိစ္စဆိုတာ ပယ်လိုက်မှ မြင်လာ တယ်၊ ရှေ့မှာ ကွယ်နေတာကြီး ပယ်လိုက်လို့ မြင်လာရင် အဲဒါ ဒဿန ကိစ္စလာတာပဲ (မှန်ပါ)။

ဒါ့ကြောင့် ပွားများမှုရှိမှ ပယ်မှုလာတယ်၊ ပယ်မှုလာမှ မြင်မှုဖြစ်တယ်၊ မြင်မှုဖြစ်မှသာလျှင် သောတာပန် တည်နိုင်တယ် ဆိုတာ မှတ်ပြီးသကာလ မသိရင်နာ၊ သိအောင်နာပြီးလို့ ရှိရင်ဖြင့် ဒီလိုအလုပ် လုပ်ရမှာပဲဆိုတာ အသေအချာ မှတ်ပါ (တင်ပါ့ဘုရား) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

## သောတာပန်တည်တယ်

အဲ-ဒါဖြင့် အခုပြောခဲ့တဲ့ တောတွေ (၁၀) ပါး လောက် ဟောထားတဲ့ အထဲက တစ်ပါးပါးနဲ့ ကြိုးစားရင် သောတာပန် တည်တယ်ဆိုတာကို မနေ့က နိဂုံးချုပ်ခဲ့တယ် (တင်ပါဘုရား)။

ဒီနေ့ ရှေ့ဆက်မယ်တဲ့ ရှင်ကောဋ္ဌိက က ဆက်မေးတယ်၊ အရှင်ဘုရားတဲ့ ကဲ သောတာပန်တည်ပါပြီတဲ့ သီလရှိတဲ့ ပုဂ္ဂိုလ်များ၊ ခုနင်က ပြောခဲ့တဲ့ အနိစ္စတောတွေ အစရှိသည်နဲ့ အားထုတ်လိုက်တော့ သောတာပန် တည်သွားတော့၊ သကဒါဂါမ် တည်ချင်တော့ အလုပ်ပြောင်းလုပ်ရမှာလား သို့မဟုတ် ဘာတုံး၊ သူမေးလာတယ် (တင်ပါဘုရား)။

သကဒါဂါမ်ဖြစ်ချင်ပြီဗျတဲ့၊ သူ သောတာပန်နဲ့ မကျေနပ်ဘူးတဲ့၊ မကျေနပ်တော့ သကဒါဂါမ်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ် ကတော့ အခုပြောခဲ့တဲ့ (၁၀) ပါးသော တောပဲလား၊ သို့မဟုတ် တခြားသော တရားများ ရွှေ့ပြောင်းပြီးသကာလ အားထုတ်ရ ဦးမှာလားဆိုတာ သူမေးတယ်။

## နောင်လာနောက်သားများအတွက်

အဲတော့ အစ်မတို့က စဉ်းစား မောင်ချစ်ဆွေတို့က စဉ်းစား၊ ဩော် -ဒီကိုယ်တော် မေးပုံကြည့်ရတာ နောင်လာနောက်သားအတွက် သက်သက်ပဲ (တင်ပါဘုရား) သေချာသွားပြီ (သေချာသွားပါပြီဘုရား)။

နောင်လာနောက်သားအတွက် သက်သက်ပဲဆိုတာ နောင်လာနောက်သားများမှာ ဩော် သောတာပန်တည်ပြီး၊ပြ၊

သကဒါဂါမ် အလုပ်ကတော့ဖြင့် ဘယ်လိုများ လုပ်ရမှာတုံး ဆိုတဲ့ သံသယတွေက ရှိချင်ရှိကြလိမ့်မယ် (ရှိပါတယ်ဘုရား)။

## သကဒါဂါမ်ဖြစ်ချင်ရင် ဒါကိုဆက်အားထုတ်

ရှိကြတဲ့ အခါကျတော့ကိုတဲ့ ဒီလိုပါကွ -တဲ့ မင်းခုနင်က ပြောတဲ့အတိုင်း တစ်ခါတည်း ခန္ဓာငါးပါးကို အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ သုညတောဆိုတဲ့ ဒါကို ဆက်အားထုတ်ကွ၊ လာပြန်ပြီ၊ (တင်ပါဘုရား) ဒါပဲ ဆက်အားထုတ်တဲ့ သဘောကျပလား (သဘောကျပါပြီ ဘုရား)။

## သကဒါဂါမ်တည်ချင်ရင် ဒီလမ်းလိုက်ရုံပဲ

ဒါပဲ ဆက်အားထုတ်တဲ့ . . . ဒါပဲ ဆက်အားထုတ် လို့ရှိရင်ကွာတဲ့ ဒီဥစ္စာကို ယထာဘူတဉာဏ်နဲ့ ဟုတ်တိုင်း မှန်စွာ သိ။ နိဗ္ဗိန္ဒဉာဏ်နဲ့ ငြီးငွေ့၊ သစ္စာဉာဏ်တွေနဲ့ သစ္စာသိသွားလို့ ရှိရင် သကဒါဂါမ်တည်ဖို့ ဒီလမ်းလိုက်ရုံပါပဲ (တင်ပါဘုရား) တရား အခြားမရှိပါဘူး။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သောတာပန်တည်ဖို့လည်း ဒီအနိစ္စတော၊ ဒုက္ခတော စသည်ပဲ ဟောတယ်၊ သကဒါဂါမ်တည်ဖို့လည်း

အနိစ္စ တော၊ ဒုက္ခတော စသည်ပဲ ရှင်သာရိပုတ္တရာက ဟောတော့ ဒီဒကာနဲ့ ဒီဒကာမက အင်း . . . တရား ကလည်း မထူးပါလား . . ဒီဟာပဲ ဆက်အားထုတ်ရမယ်တဲ့ ဆိုတဲ့ အဓိပ္ပါယ်က သက်ရောက်သွားတယ် . . . (မှန်လှပါ ဘုရား)။

သက်ရောက်သွားတော့ကိုတဲ့ - သက်ရောက် သင့်တယ် ဆိုတာကိုလဲ ရှေ့က တရားဟောတဲ့ ပုဂ္ဂိုလ် ကလည်း အင်း သက်ရောက်သင့်တယ်ဆိုတာ ထောက်ခံချက် ပေးပါတယ် (မှန်လှပါဘုရား)။

## သောတာပန်က ဒိဋ္ဌိသာပယ်တာ

ဘယ့်နှယ်ကြောင့် ထောက်ခံချက်ပေးရသတုံးဆို တော့ အို . . . သောတာပန်ပယ်တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ **"သီလဗ္ဗတ ပရာမာသ"** အပါယ်လေးပါးကျစေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ဒါသာပယ်တာကို ဒီကာမဘုံမှာ ခင်တွယ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေက ကျန်နေပြန်တော့ကိုတဲ့ ဒီလောဘ၊ ဒေါသ၊ မောဟကို ဒီတောတွေနဲ့မှ အနိစ္စတော ဒုက္ခတောတွေနဲ့မှ ဆက်ပြီး မရှင်းပြန်လို့ ရှိရင်လည်း ကျန်တာက အရင်လိုပဲ ကျန်နေရစ်တာ၊ အပါယ်ကျကြောင်း သာ လွတ်သွားတာ၊ အပါယ်မကျပဲနဲ့ ကာမဘုံတွေမှာ၊

ရူပဘုံတွေမှာ မြုပ်မျောတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေက ရှိသေးတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အသေပွဲတွေ ပြန်ပြီးတော့ ပြောတာပေါ့ကွာ၊ သေပွဲ၊ အိုပွဲ၊ နာပွဲတွေ ကျန်သေးတယ်ဆိုတာ သူဟောတာ (မှန်ပါ) ကိလေသာ ကျန်လို့ ဒါ ပြန်အားထုတ်ဆိုတာကို (တင်ပါဘုရား)။

## ခေါင်းရိတ်တဲ့ဥပမာ

လောကီ ဥပမာပြောကြပါစို့ဆိုတော့ ခေါင်းရိတ်တယ်။ တစ်ခါတည်းနဲ့ မပြောင်တော့ သင်တုံးဓါးကို တစ်ခါ ပြန်သွေးပြီး သကာလ ကျန်တာလေးတွေ ရိတ်ရတယ်၊ (မှန်လှပါ) ဒီဆံပင်ပါပဲ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

ဒီဓါးပါပဲ . . . သို့သော် ဒီဓါးပဲဆိုငြားသော်လည်းတဲ့ အရင်ဆံပင်ထက် သူသည်ကားလို့ ဆိုလို့ရှိရင် အရိတ်ခက်တယ် (မှန်ပါဘုရား) အရင်ဆံပင်ထက် အရိတ်ခက်တယ် ဘာ့ကြောင့်တုံး အငုတ်ကလေးတွေ အတိုလေးတွေ၊ အနုလေးတွေ ကျန်တယ်။

အဲတော့ ကာမဘုံခင်တွယ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အပါယ်တော့ မကျပဲနဲ့ လောဘ၊ ဒေါသ၊ မောဟတွေ (တင်ပါဘုရား) ဒါတွေက ကျန်နေသေးတယ်ကွ -တဲ့။

အပါယ်တော့ မကျပါဘူးတဲ့ မကျပေမဲ့ လောဘ၊ ဒေါသက မပြည့်စုံငြားသော်လည်း လေးပုံ သုံးပုံလောက် ကျန်နေတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒီခါးသွေးပြီး ပြန်ရိုက်ရမယ်

အဲတော့ ဒီခါးနဲ့ ပြန်ရိုက်လို့ရှိရင် ဒီဆံပင် ပြောင်မှာ တော့ မဟုတ်တော့ ဒီခါးကို ပြန်ခတ်ပြီးသကာလ၊ ပြန်သွေးပြီး သကာလ၊ ဒီဆံပင်နုကိုလည်း ဒီခါးနဲ့ ပြန်ရိုက်ရမယ်၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘာဖြစ်လို့ လုပ်ရသလဲဆိုတော့ အပါယ် ကျတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟသာ ကုန်တယ်ဟော့ ကာမဘုံ၊ ရူပဘုံမှာ ဆိုတဲ့ ဂျန်တဲ့ မီးလောင်စရာ ခန္ဓာကိုယ် ဖြစ်စရာတွေ ကျန်သေးတယ် မကျန်ဘူးလား (ကျန်ပါတယ် ဘုရား)။

မီးလောင်စရာ ခန္ဓာကိုယ် ဖြစ်စရာတွေ ကျန်နေ တော့ကိုတဲ့၊ ဒီခေါင်း ဒီခါးနဲ့ ပြန်ရိုက်ရသလို ဒီဟာနဲ့ပဲ ပြန်လုပ်ပါကွ ဆိုတော့ မကုန်လို့ ဟောရတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လိုကြောင့် ဟောပါလိမ့် (မကုန်လို့ ဟောရ တာပါ ဘုရား) မကုန်လို့ ဟောရတာနော် (တင်ပါဘုရား)။

မကုန်လို့ ဟောရတာဆိုတာကို ဝိသာခါ၊ အနာဂါမ်တို့ ထောက်ကြည့်တော့ မင်းတို့ သေချာနေတာ၊ ကာမ၊ ရူပဘုံ ကျတော့ သူတို့ ငါးပါးအာရုံခံစားနေကြတာ (တင်ပါဘုရား) မကုန်လို့ (မှန်ပါ)။

## ရှင်အာနန္ဒာ အလှောင်ခံရတယ်

မကုန်တော့ မိုက်ပြစ်သင့်တာတွေက ရှိနေသေးတာပေါ့၊ ရှင်အာနန္ဒာကြီး သောတာပန်တည်ထားတဲ့ ပုဂ္ဂိုလ်ရှင်ပုဏ္ဏက ဟောလို့။ ရဟန္တာတွေထဲ ဝင်တဲ့အခါကျလို့ရှိရင် အင်မတန် အနံ့ အသက်တွေ ထွက်လာတယ်ကွ၊ ဒို့အထဲမှာ မစင်ကြယ်တဲ့ ပုဂ္ဂိုလ် ပါလာတယ်ကွလို့ အချို့သောရဟန်းတို့ရဲ့ လှောင်ခြင်း၊ ပြောင်ခြင်းကို ခံရတယ် (မှန်ပါ) ကိလေသာ ကျန်နေလို့ (မှန်ပါဘုရား)။ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကိလေသာ ကျန်နေတော့ကို သူ့ကျန်နေတဲ့သဘောဟာက မင်းတို့ အချင်းချင်းတော့ မွှေးချင်လည်း မွှေးနေလိမ့်မယ် (တင်ပါဘုရား) ဟုတ်ဘူးလား (မှန်ပါဘုရား) စင်ပြီးသားပုဂ္ဂိုလ်ကျတော့ နံတယ်၊ သဘောကျပလား (သဘောကျပါပြီဘုရား) စင်ပြီးသား ပုဂ္ဂိုလ်မှာ (နံပါတယ်ဘုရား)။

## သောတာပန်မှာ ကိလေသာကျန်တယ်

အဲဒီကဲ့သို့ နံ့နေတာထောက်လို့ရှိရင်ဖြင့် ဩော် ကိလေသာ ကျန်ကြောင်းဟာ သောတာပန်မှာလည်း သေချာနေတယ်၊ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

သေချာနေတော့ကိုတဲ့ ဩော် ကိလေသာကျန်ရင် အနံ့ထွက်တာပဲဆိုတာ လောကီဥပမာနဲ့ သူရှက်အောင် ပြောတဲ့ စကားပါ၊ စင်စစ်ကတော့ သေသေချာချာ ရှင်းရှင်း လင်းလင်း မှန်မှန်ကန်ကန်ပြောမယ်ဆိုရင် ကာမရူပမှာ အိုစရာ၊ နာစရာ၊ သေစရာ ဒုက္ခသစ္စာတွေ သူမပယ်နိုင်ပဲ ဖြစ်နေတာ (မှန်ပါဘုရား)။

ကာမရူပ၊ အရူပမှာ အိုစရာ၊ နာစရာ၊ သေစရာ မီးလောင်စရာ ဒုက္ခသစ္စာကြီး သူမပယ်နိုင်ဘဲ ဖြစ်နေလို့ ဘာကြောင့် မပယ်နိုင်ရသလဲမေးရင် ကိလေသာ ထုကြီးရှိလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ကိလေသာ အကြွင်း ရှိလို့ (မှန်ပါဘုရား)။

သောတာပတ္တိမဂ်က ပယ်တယ်ဆိုငြားသော်လည်း အကြွင်းကျန်နေဟာယ် မကျန်ဘူးလား (ကျန်ပါတယ်ဘုရား)။

အဲဒါကြောင့် ရှင်ကောဋ္ဌိက က မေးတော့ သက ဒါဂါမ် တည်ချင်တော့ ဘာအားထုတ်ရမှာလဲ ဘုရားဆိုတဲ့ မေးခွန်းဟာ မေးသင့်ပါတယ်။ မမေးသင့်ဘူးလား (မေးသင့် ပါတယ် ဘုရား)။

## သင်္ကာဒါဂါမ်ဖြစ်ချင်ရင် ဒါပဲပြန်ရှု

သကဒါဂါမ်တည်ချင်တော့ဘုရား၊ သကဒါဂါမ် အဖြစ်သို့ ရောက်ချင်တော့ ဘာအားထုတ်ရမှာတုံး ဆိုတော့ကွာတဲ့ ခုနင်က ပြောခဲ့ပြီးကောကွာတဲ့ တစ်ခါတည်း အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ သုညတော၊ အနတ္တတောဆိုတာတွေ ပြန်ရှုရမယ်ကွ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါပြန်ရှုလိုက်တော့ကိုတဲ့ ခုနင်က ဉာဏ်စဉ်အတိုင်း တက်လိုက်တော့ သစ္စာမြင်ပြီးသကာလ သကဒါဂါမ် တည်သွားတယ်။

ဩော် သကဒါဂါမ်တည်သွားတော့ သူလည်း ဒီတော ကို မြင်တဲ့ဉာဏ်နဲ့ ကိလေသာ ရှင်းရပြန်တာပဲ ဆိုတာ ဒီ ဒကာ ဒကာမတွေ ပေါ်သွားပြီ (တင်ပါဘုရား) ဒီတောတွေ့ တိုင်း မြင်လိုက်တော့ ကိလေသာက စင်မသွားဘူးလား (စင်သွားပါတယ်ဘုရား)။

ကောင်းပြီတဲ့ ခန္ဓာကိုယ်ကြီးမှာ အနိစ္စတောနဲ့ အနိစ္စ သဘောတွေ့မြင်လို့ပေါ့ကွာ၊ ဒုက္ခတောနဲ့ ဒုက္ခသဘောတွေ မြင်လို့၊ ရောဂတောနဲ့ ရောဂါတွေမြင်တဲ့ ဒုက္ခသစ္စာတွေ သဘောကျပလား (သဘောကျပါပြီဘုရား)။

အဲဒီကဲ့သို့ မြင်တော့ကိုတဲ့ သကဒါဂါမ် တည်သွားတယ်၊ သကဒါဂါမ်အဖြစ်သို့ သူရောက်သွားတယ်၊ ဩော် ခုနတုံးကလည်း ဒါပဲ၊ ခုလဲဒါပဲ၊ ဘယ့်နှယ်ကြောင့် အကျိုးပေးကျတော့ အထက်တန်းကျသွားပါလိမ့်မလဲဆိုတဲ့ မေးခွန်းကို ခုနင်က ပြောတဲ့အထဲမှာ အဖြေပါသွားပါတယ်။

ကျန်ကိလေသာ၊ ကာမကျန်နေတဲ့ ကိလေသာ၊ ရူပ၊ အရူပ ကျန်နေတဲ့ ကိလေသာကို သူက တစ်ခါ ကာမကျန်နေတဲ့ ကိလေသာကို ပယ်ချပြီး ရူပ၊ အရူပ ကျန်နေတယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)

## ကြမ်းတမ်းတဲ့ကိလေသာကိုသကဒါဂါမ်ကပယ်တယ်

ကာမဘုံ ခင်တွယ်တဲ့ ကိလေသာ၊ ကြမ်းတမ်းတဲ့ ကိလေသာတွေကျတော့ကိုတဲ့ ခုနင်က ကြမ်းတမ်းတဲ့ ကိလေသာတွေကို သူပယ်ချလိုက်တယ်၊ ကာမကိလေသာတွေကိုတော့ သူကောင်းကောင်း မပယ်နိုင်သေးဘူး သကဒါဂါမ်က (မှန်ပါဘုရား)။

ကြမ်းတမ်းတဲ့ ကိလေသာတော့ ပယ်နိုင်တယ်၊ ကြမ်းတမ်းတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ သဘောကျပလား၊

ကာမဘုံ မပယ်နိုင်သေးဘူး၊ ကာမက ခင်တဲ့ လောဘတွေ (တင်ပါဘုရား) ရှင်းပြီ (ရှင်းပါပြီဘုရား)

အဲတော့ သူကျန်တာထောက်ရင်ဖြင့် ရှေ့အလုပ်ဟာလည်း ဆက်ရဦးမှာပဲ (မှန်ပါဘုရား) ရှေ့သို့ကလည်း ဆက်ရဦးမှာပဲဆိုတာ မအောက်မေ့သင့်ဘူးလား (အောက်မေ့သင့်ပါတယ်ဘုရား)။

ဒါ့ကြောင့် ရှင်ကောဏ္ဍညက က အရှင်ဘုရား သကဒါဂါမ် တည်အောင်လည်း ဒါပဲအားထုတ်ရမယ်ဆိုတော့ သကဒါဂါမ် တည်ပြီဘုရား၊ အနာဂါမ်တည်အောင် ကျတော့ ဘယ်တရားများ ဆက်လက်အားထုတ်ရမှာလဲ သူမေးတာပဲ (မေးပါတယ်ဘုရား)။

## အနာဂါမ်တည်အောင် ဒါပဲဆက်အားထုတ်

အနာဂါမ်တည်ချင်တော့လည်းကွာ သီလဖြူစင်အောင် လုပ်ပြီးသကာလ သီလကတော့ နဂိုက ဖြူစင်နေပါပြီ ခုနင်က ပြောခဲ့တဲ့ တောတွေကို အနိစ္စတော၊ ဒုက္ခတောတွေကို သုညတော၊ အနတ္တတောတွေကို ဆက်အားထုတ်ရမှာပဲကွ။

ဩော် ဒါဖြင့် မင်းတို့ ကျန်တာများ အကဲခတ်ကြည့်လိုက်တော့ လုပ်ရင်းသားပဲ ဒီကာမတွေ ပယ်စရာ ကျန်ပါ

သေးပါလားဆိုတဲ့ အဓိပ္ပာယ်က ရှင်းသွားတယ် မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)

ကာမဘုံ ခင်တွယ်တဲ့ လောဘ ကျန်သေးတယ်။ အဲဒီ လောဘ၊ အဲဒီဒေါသ၊ အဲဒီမောဟတွေ တစ်ခါတည်း ရှင်းသွားအောင်လို့တဲ့ ခုနင်က အနာဂါမ်တည်ချင်ပြန်တော့ လည်း ဆက်ပြီး ဒါပဲ အားထုတ်ရတယ် (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

## အနာဂါမ်တည်ရင် ကာမဘုံမလာတော့ဘူး

ဒါဖြင့် **န အာဂစ္ဆတီတိ အနာဂါမီ** ဆိုတော့ ကာမဘုံတော့ မလာတော့ဘူး ဘယ်သွားငြိနေတုံးဆိုတော့ ရူပ၊ အရူပ သွားငြိနေတယ်၊ ရူပ၊ အရူပ ခင်တွယ်တဲ့ ကိလေသာက မကုန်ဘဲ ဖြစ်နေတယ် ဘယ်လောက်များ ဆိုးဆုံး (ဆိုးပါတယ်ဘုရား)။

ရူပ၊ အရူပကျတော့မှ သစ္စာမမြင်တဲ့ အဝိဇ္ဇာတွေက လာချင်လာနေတာ အဝိဇ္ဇာက ကျန်နေတယ် (တင်ပါဘုရား) မကျန်ဘူးလား (ကျန်ပါတယ်ဘုရား)။

ကာမမှာလည်း ဒုက္ခသစ္စာတွေမြင်ပါရဲ့ ရူပ၊ အရူပ ကျတော့ ဒုက္ခသစ္စာသူနေတဲ့အတွက် ကျန်နေတဲ့ အဝိဇ္ဇာက ရှိသေးတယ် **ဒုက္ခေ အညာဏံ** ဆိုတဲ့အတိုင်းနော် (မှန်ပါ့)

**ဒုက္ခသမုဒယေ အညာဏံ** ဆိုတဲ့အတိုင်းတဲ့ ရူပ၊ အရူပမှာ ခင်တွယ်တဲ့ ဒုက္ခသမုဒယကို အညာဏံဆိုတော့ မသိဘဲ ဖြစ်နေတယ် သဘောကျပလား (သဘောကျပါပြီဘုရား)။

အဲဒါတွေ ကျန်ပြီးသကာလနေတော့၊ ကဲ ဘုရားတဲ့ ခုနင်က ကာမကိလေသာနဲ့ပဲ ပယ်လိုက်ပါပြီဆိုပါတော့ ရဟန္တာ ဖြစ်ချင်တော့ ဘာလုပ်ရဦးမှာတုံးဆိုတော့ မေးရဦးမှာပဲ၊ မမေးရဘူးလား (မေးရပါတယ်ဘုရား)။

## ရဟန္တာဖြစ်ချင်တော့ ဘာကျင့်ရမှာတုံး

ရဟန္တာဖြစ်ချင်တော့ ဘာလုပ်ရဦးမှာတုံးဘုရား သူမေးချင်လို့ မေးရတာလားဆိုတော့ ကိလေသာ ကျန်တာ သိလို့ မေးနေတာ ရှင်းပလား (ရှင်းပါပြီဘုရား) ကိလေသာ ဘာတုံး (ကျန်နေသေးလို့ပါဘုရား)။

ရူပ၊ အရူပ ဘုံကျလာတဲ့အခါကျတော့ ခင်တွယ်တာ တွေ ရူပ၊ အရူပ မသာကြီးတွေကျတော့ သူက သုခသစ္စာ ဖြစ်ချင်ဖြစ်နေတာ သဘောပါပလား (သဘောပါပါပြီ ဘုရား)။

အဲဒါတွေက ကျန်ပြီးသကာလ နေတော့ နောင်လာ နောင်သားများအတွက် ဟောတာဖြစ်တော့ အကွက်

ကျတော့ မောင်ချစ်ဆွေ မေးရမယ်ကွ (တင်ပါဘုရား) မမေးရဘူးလား (မေးရမှာပါဘုရား)။

အရှင်ဘုရားတဲ့ ရဟန္တာဖြစ်ချင်တော့ ဘာကျင့်ရမှာတုံး သဘောကျပလား (သဘောကျပါပြီဘုရား)။

## ဒါတွေပြန်ပြီး အားထုတ်ရမှာပဲ

ရဟန္တာဖြစ်ချင်တော့ကွာတဲ့ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ သုညတောဆိုတာတွေ ငါဟော ပကောကွာ အဲဒါတွေ ဆက်ပြီး ပြန်ပြီး အားထုတ်ရမှာပဲ၊ ဒါက ဖိုလ်ပေါ်မှာရှိတဲ့ ခန္ဓာကိုယ်ကို ဖိုလ်က ဉာဏ်နဲ့ သွင်းရမယ် (တင်ပါဘုရား) သဘောပါပလား (ပါပါပြီဘုရား)။

ဒီလူပြည်ရှိတဲ့ ကိလေသာကို လူပြည်ရှိတဲ့ ဉာဏ်နဲ့ သွင်းရမယ် သဘောကျပလား (သဘောကျပါပြီဘုရား) ဒါဖြင့် သူ့ဉာဏ်နဲ့သူ သွားရမယ်ဆိုတဲ့ အဓိပ္ပာယ်က ရှင်းသွားတယ် (ရှင်းပါပြီဘုရား)။

ကောင်းပြီဘုရားတဲ့၊ ဒါဖြင့် ရူပ၊ အရူပ၊ ကိလေသာတွေလည်း ရဟန္တာဖြစ်သွားတဲ့ အခါကျတော့၊ ခုနင်က

အတိုင်း တောတွေ အားထုတ်လိုက်တဲ့အခါကျတော့ ရဟန္တာ ဖြစ်သွားပြီ ရဟန္တာဖြစ်သွားပြီဆိုတော့ ကိလေသာတွေ မကုန်သေးဘူးလား (ကုန်ပါပြီဘုရား) ကုန်ပြီ ရူပ၊ အရူပ ကိလေသာလည်း ကုန်သွားပြီ။

## ရဟန္တာဖြစ်ပြီးတော့ ဘာဆက်အားထုတ်ရမှာတုံး

ကုန်သွားတော့ကိုတဲ့ ရှင်ကောဋ္ဌိက က ရဟန္တာဖြစ်ပြီး တော့ ဘာဆက်အားထုတ်ရမှာတုံး၊ ရဟန္တာဖြစ်ပြီး အိပ်နေရုံပဲ လား။

ငါဖြင့် အေးချမ်းပေ့ါ၊ ဘုံဘဝ (၃၁) ဘုံဖြင့် ခြေကန် နိုင်ပေ့ါ မီးဟုန်းဟုန်းတောက်နေတဲ့ ဘုံထဲ ငါမီးလွတ်ပကွလို့ သူ့ဟာသူ အေးအေးချမ်းချမ်းနဲ့ နေရုံပဲလားလို့ မေးတဲ့ အခါကျတော့ ရဟန္တာဖြစ်ပြီးလည်း ဒါအားထုတ်ရမှာပဲကွ ရှင်းပလား (ရှင်းပါပြီဘုရား)။

အနိစ္စတော၊ ဒုက္ခတောတွေကို ဘာလုပ်ရဦးမတုံး (အားထုတ်ရဦးမှာပါဘုရား) ရဟန္တာဖြစ်ပြီးလဲ အားထုတ်ရဦး မှာပဲ (တင်ပါဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ရဟန္တာမှာ ခန္ဓာ့ဒုက္ခသစ္စာက ရှိလျက်ပဲ

ရဟန္တာဖြစ်တော့ကွာ မင်းတို့က မေးရမယ်၊ ကိလေသာတွေ ကုန်နေပေါ့ပဲ။ အင်း ဘယ့်နှယ်ကြောင့် ဒီဥစ္စာ ဆက်ပြီး၊ ဒီဟာတွေ ပြန်ပြီးအားထုတ်ရဦးမှာတုံး မေးတဲ့ အခါကျတော့ ကွာတဲ့ ဒီခန္ဓာကိုယ်ကြီးမှာ ဒုက္ခသစ္စာတွေက ရဟန္တာပင် ဖြစ်ငြားသော်လည်း ခန္ဓာဒုက္ခသစ္စာက ရှိလျက်ပဲ၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ နာလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ ခဲလိုက် ရှိလျက်ပဲတဲ့ ဒါတွေက (တင်ပါဘုရား)။

## စေတသိကဒုက္ခကတော့ မရှိတော့ဘူး

ကာယိက ဒုက္ခတွေ ရှိတယ် (တင်ပါဘုရား) စေတသိက ဒုက္ခတော့ မရှိဘူး (မှန်ပါဘုရား) ကိုယ်သာနာ၍ စိတ်မနာဘူးပေါ့ဗျာ (မှန်ပါ့ဘုရား) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ကိုယ်တော့ နာနေတာပဲ ပြောင်းဟာ၊ ရွေ့ဟာ၊ ဆွမ်းကျွေးဟာ၊ ရေချိုးပေးဟာ ဒီဒုက္ခတွေက ရှိနေသေးတယ်။ အဲဒီ ဒုက္ခတွေ ရှိနေတော့ကို ကဲ ဒီဒုက္ခတွေ လွတ်ရာကို ငါအာရုံပြုပြီး နေပါဦးမယ် ဆိုပြီးသကာလ နိဗ္ဗာန်အချိန် ကြာကြာကြီး ဒီဒုက္ခတွေ လွတ်ရာကို ငါဉာဏ်နဲ့ နေပါ

ဦးမယ်ဆိုပြီးသကာလ အဲဒီလို နေစေခြင်းအကျိုးငှာ။ ပြန်အားထုတ်ရတယ်၊ ကိလေသာပယ်ဖို့တော့ မဟုတ်ဘူး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒုက္ခဝဋ်ကြီး ကျွတ်တဲ့အဖြစ်ကို သူနဲ့ မဆက်သွယ်ဘဲနဲ့ နေချင်တာနဲ့ ခန္ဓာဝန် မချရသေးတော့ ရှိလျက်ပဲ ပေါ်ပလား (ပေါ်ပါပြီဘုရား) ခန္ဓာဝန်မချရသေးတော့ (ရှိလျက်ပဲဘုရား) အဲဒီ ရှိတဲ့ခန္ဓာကြီးနဲ့ အိုးစားကွဲနေချင်လို့ ဒီဟာ ပြန်အား ထုတ်ရတယ် ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## ဖလသမာပတ်ဝင်စားနေတယ်

ရှိတဲ့ခန္ဓာကြီးနဲ့ အိုးစားကွဲချင်တာနဲ့ ဘာတုံး (ပြန် အားထုတ်ရပါတယ်ဘုရား) ပြန်ပြီး အနိစ္စတော၊ ဒုက္ခ တောတွေ ပြန်လုပ်ရပါတယ် (တင်ပါဘုရား) ဒါမှ ဖလသမာ ပတ် ဝင်စားနိုင်တယ် (မှန်ပါဘုရား)။

ဖလသမာပတ် ဝင်စားနိုင်မှလည်း အချိန်ကြာကြာ ရပြီး သကာလ ခန္ဓာနဲ့ အိုးစားကွဲတော့ ခန္ဓာ့ဒုက္ခကြီးကို မထမ်းရတာပေါ့ (တင်ပါဘုရား)။

မင်းတို့က ထမ်းရတာ၊ ပိုးရတာ၊ ဟိုထမ်းသွား၊ ဒီထမ်းသွား ဒီလိုထမ်းရလို့ တော်သေးတယ် ကျန်းမာလို့ ထမ်းနိုင်တယ်လို့ မင်းတို့က ထင်နေတယ် (မှန်ပါဘုရား)။

## မြင်းမိုရ်တောင်ထမ်းရတာ

ဟိုကတော့ ရဟန္တာဖြစ်တော့ မင်းတို့ အရင်တုန်းက ပြောတယ် **"ဂဝေသာတံ နဝိဓမ္မိ"** ဆိုတဲ့အတိုင်း မြင်းမိုရ်တောင်ကြီး ထမ်းရတာက တော်သေးတယ်။

မြင်းမိုရ်တောင်ကြီးက ကမ္ဘာပျက်တဲ့အခါမှာ သတ္တဝါက မထမ်းရဘူး (တင်ပါဘုရား) ဒီခန္ဓာကြီးကတော့ ကမ္ဘာပျက်လည်း တခြားနေရာသွားပြီး သူ့ထမ်းလျှက်ပိုးလျှက်ပဲ နေရတယ် (မှန်ပါဘုရား)။

အဲတော့ ခုလို အသိဉာဏ် ထူးထူးလယ်လယ်ကြီးကြီး ကျယ်ကျယ် ခမ်းခမ်းနားနား နေတဲ့အချိန်မှာဖြင့်ကဲ. . . နောက်ဆုံး ပိတ် ခန္ဓာပရိနိဗ္ဗာန် မစံသေးလို့ရှိရင်တောင်မှ မင်းကို မထမ်းတဲ့ အလုပ်တော့ လုပ်နေဦးမကွ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ဘက်ကူးသွားတယ်

မင်းကို မထမ်းတဲ့ အလုပ်တော့ လုပ်ဦးမကွဆိုပြီး သကာလ၊ ခုနင်က အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေက မြင်ပြီး သကာလ ဖျက်ဆို မဂ်တွေ ဖိုလ်တွေကတော့ မလာတော့ဘူး နိဗ္ဗာန်ဘက် ကူးသွားတယ်၊ ဖြစ်ပျက်ဆိုပြီး နိဗ္ဗာန်ဘက် ကူးသွားတယ် သဘောကျပလား (သဘောကျပါပြီဘုရား)။

ဖြစ်ပျက်တွေ မြင်ပြီးသကာလ ဖြစ်ပျက်တွေ ချုပ်သွားပြီး ဖိုလ်ဉာဏ်မလာဘဲနဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ် လာပလိုက်တယ်။ ပစ္စဝေက္ခဏာဉာဏ်ပေါ့လေ (တင်ပါ့ ဘုရား)။

ဖိုလ်ဉာဏ်တွေနဲ့ အာရုံပြုပေးလိုက်တယ်၊ ဖလ သမာပတ် စိတ်တွေချည်းပေါ်တယ် (တင်ပါဘုရား) ဖြစ်ပျက် မြင်တယ်၊ ဖြစ်ပျက်မြင်တာက ဝိပဿနာဉာဏ်ပဲ (တင်ပါ ဘုရား) နောက်ကျတော့ ဖြစ်ပျက်မြင်ပြီးသကာလ ဖိုလ်ဉာဏ် လာတယ်၊ ဖိုလ်ဉာဏ်လာတော့ နိဗ္ဗာန်အာရုံပြုလိုက်တယ် (တင်ပါဘုရား)။

## နိဗ္ဗာန်အာရုံပြုပြီးနေတယ်

ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်နဲ့ချည်း အချိန်ကြာကြာ နေလိုက် တယ် (တင်ပါ့ဘုရား) အဲဒီက ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်နဲ့ချည်း အချိန်ကြာကြာနေပြီးသကာလ လာလို့ရှိရင်၊ ဒီခန္ဓာကိုယ် ကြည့် လိုက်လို့ရှိရင် တစ်ခါတည်း ရုပ်တွေဘာတွေက ကြည်ရွှင်ပြီး သကာလ ပေါ့ပေါ့ပါးပါးနဲ့ ကျန်းကျန်းမာမာ ရုပ်တွေမြင်ရတယ် (မှန်ပါ့)။

ဒါကြောင့် ရဟန္တာတစ်ပါးနဲ့ ရဟန္တာတစ်ပါး ဒီနေ့ မျက်နှာတွေဘာတွေ တယ်ကြည်လင်ပါလား၊ ရုပ်တွေ

ဘာတွေ တယ်ပြီးသန့်ရှင်းပါလား ဘာများ လုပ်လာကြတုံး ဆိုတာ ဒါမေးတာ (မှန်ပါ) ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလေ မင်းတို့ ဘာများ နှလုံးသွင်းလာကြတုံးကွ မင်းတို့ ရုပ်တွေ ကြည့်ရတာ တယ်ကြည်လင်တယ်ဆိုတော့ ကျန်းမာ တဲ့ရုပ်တွေ (တင်ပါ့ ဘုရား)။

ကြည်လင်တဲ့ရုပ်၊ ကိလေသာအရှိန်အဟော် ဒုက္ခအရှိန် အဟော်တွေမရှိတဲ့နဲ့ ကိလေသာ ဝေးပြီးသကာလ ကိလေသာနဲ့ မဆက်သွယ်တဲ့ ရုပ်တွေ ကြည့်ရတာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

## ဖလသမာပတ်ဝင်စားတာရင်

ကိလေသာနဲ့ ဆက်သွယ်တဲ့ ရုပ်ကျတော့ အခု ဖီး၊ အခုလိမ်း၊ အခုဒုက္ခပြန်တွေ့တာပဲ၊ အခုပြင်ရဆင်ရတာ၊ ကိလေသာနဲ့ မဆက်သွယ်နိုင်တဲ့ ရုပ်ကျတော့ ဖလသမာပတ် တစ်ခါဝင်စားထားလိုက်တယ်ဆို၊ ကြည့်လို့ ကြည်ညိုလို့ မပြီး နိုင်ဘူး (မှန်ပါဘုရား)။

ဘာဖြစ်လို့တုံး ဆိုတဲ့အခါကျတော့ မင်းစဉ်းစားကြည့် ပါလား ဝမ်းထဲမှာ ဖိုလ်စိတ်တွေ (မှန်ပါ့) လောကုတ္တရာ

သူက ဖြစ်စေတဲ့ ရုပ်တွေ (မှန်ပါဘုရား)

လောဘ၊ ဒေါသ ဖြစ်စေတဲ့ရုပ် ရှိပါသေးလား (မရှိပါဘုရား) ဖိုလ်က ဖြစ်စေတဲ့ (ရုပ်တွေပါ) ဒါဖြင့် လောကုတ္တရာရုပ် တွေ (မှန်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

## ရုပ်တွေက ကြည်ညိုဖွယ်ရှိတယ်

ဒါဖြင့် ဒီရုပ်တွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ကိလေသာ မရောမနှောတဲ့ ရုပ်တွေဖြစ်လေသောကြောင့် အကြောင်းကလည်း ကိလေသာ မဟုတ်၊ အကျိုးကလည်း ကိလေသာ၏ အကျိုးတရား မဟုတ်၊ အကြောင်းကလည်း လောကုတ္တရာ ဟုတ်လား အကျိုးကတော့ ထားပါတော့ ကာမပဲ ဆိုပါဦးတော့ ဒီ ကာမဆိုငြားသော်လည်းတဲ့ ဖြစ်ကြောင်းက စင်ကြယ်လို့ဖြစ်ကျိုးကလည်း ကြည်ညိုဖွယ် ရှိတာ (တင်ပါ ဘုရား)။

ဖြစ်ကြောင်းကလည်း စင်ကြယ်လို့ (ဖြစ်ကျိုးကလည်း စင်ကြယ်တာပါဘုရား) ဖြစ်ကျိုးကလည်း ကြည့်လိုက် စင်ကြယ် တာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်

ဒါကြောင့် ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်၊ ဒီကနေ တက်ပြီး ငါ နိရောဓသမာပတ်ပဲ ဝင်စားပါဦးမယ် ဆိုတဲ့အခါ များ ကျတော့ နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်များ ဆွမ်းခံလာလို့ လှူလိုက်ရတဲ့အခါကျတော့ ချက်ချင်း အကျိုးပေး တာ ကြည့်ပါလား (တင်ပါဘုရား)။

ကိလေသာနဲ့ အင်မတန် ဝေးပြီးလာတဲ့ ရုပ်ကို ပေးကမ်း လှူဒါန်းလိုက်ရတယ် (တင်ပါဘုရား) ကိလေသာ ဝေးတဲ့ ပုဂ္ဂိုလ် ပေးကမ်းလှူဒါန်းရတာနဲ့ ရှင်သာရိပုတ္တရာကြီး နေ့တိုင်း ဆွမ်းခံနေတာနဲ့ ဟုတ်လား ခုနှစ်ရက် နိရောဓ သမာပတ် ဝင်စားပြီး နိဗ္ဗာန်အာရုံပြုပြီး နေတဲ့အချိန် ဆွမ်းခံတာနဲ့ လောင်းတဲ့ပုဂ္ဂိုလ်မှာ အကျိုးပေးမတူပေဘူး (မှန်ပါ့)။

## (၇) ရက်အတွင်း အကျိုးပေးတယ်

ဟိုက ဒိဋ္ဌ ခုနစ်ရက်အတွင်း အကျိုးပေးတယ် (တင်ပါ) ဒါက နောက်မှ အကျိုးပေးမယ် မဝင်စားတဲ့ ပုဂ္ဂိုလ်နဲ့ မကွာခြား ဘူးလား (ကွာခြားပါတယ်ဘုရား)။

ဒါဘာတုံးဆိုတော့ ကိလေသာသည်ကား ဆိုလို့ရှိရင် ဖြင့် အင်မတန်ဝေးပြီး သကာလ ကိုယ့်ကြောင့်ဖြစ်တဲ့

ရုပ်တွေနဲ့ ချည်း အကုန်အသက်ရှည်နေတာ (မှန်ပါ) လောကုတ္တရာရုပ် တွေနဲ့ အသက်ရှင်ပြီး သကာလနေတော့ ခုနင်က အလျှုခံ၏ စင်ကြယ်ခြင်းမှာလည်း ထင်ရှားတယ် မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်များ ဘာလုပ်ရမှာတုံး ဆိုတဲ့ ဥစ္စာဖြင့် ဒီလို ကိစ္စတွေ၊ ခန္ဓာဝန်မထမ်းချင်လို့ လုပ်တာတစ်မျိုး သတ္တဝါတွေ ကျေးဇူးများအောင်လို့၊ ကူညီချင်လို့ မွဲတဲ့ပုဂ္ဂိုလ် ဒို့သည် ဖလသမာပတ်ဝင်စား နိရောဓသမာပတ် ဝင်စားပြီး ဆွမ်းခံပေးရလို့ရှိရင်ဖြင့် ချက်ချင်းပဲချမ်းသာသွားတော့မှာပဲ။

## ဆင်းရဲတဲ့ပုဂ္ဂိုလ်ကို ချီးမြှောက်တယ်

ဒါကြောင့် ရှင်မဟာကဿပကြီး ကျတော့ အဆင်းရဲဆုံး လျှောက်ရှာတာ ကြည့်ပါလား (မှန်ပါဘုရား) သိကြားက ဆင်းရဲ ဟန်ဆောင်ပြီး လိမ်လောင်းလို့သာကိုကွ၊ သူက ဆင်းရဲဆုံး ပုဂ္ဂိုလ် ချီးမြှောက်မယ်ကွ၊ ငါ့ခုနှစ်ရက် တောင် ဒီရုပ်ဒီနာမ်နဲ့နေလာတဲ့ ဥစ္စာ၊ သာမည်လူတော့ ငါမချီးမြှောက်ဘူးကွ၊ အလွန်ဆင်းရဲတဲ့ ပုဂ္ဂိုလ် ချီးမြှောက် မယ်ကွ၊ သဘောကျပလား (ကျပါပြီဘုရား)။

## ကာကဝလ္လိယ

ကာကဝလ္လိယတို့ကြည့် ဒီအတိုင်းလာတာပဲ မဟုတ်လား၊ ဟိုသိကြားတို့ကော (ဒီအတိုင်းပါပဲဘုရား) သိကြားလည်း တပည့်တော်ဆင်းရဲတာပါပဲတဲ့ နတ်ပြည်မှာ သာသနာတွင်းတုန်းက အခုသာသနာတွင်း လှူတဲ့နတ်တွေက တပည့်တော်ထက် အရောင်အဆင်း သာပါတယ်။

တပည့်တော်က အုပ်ချုပ်ရေးသာ အုပ်ချုပ်ပြီး နေရပါတယ်။ အရောင်အဆင်း အလင်းတွေ ရွှေရောင်တွေနဲ့ တကွ ဘုံနန်းတွေကျတော့ တပည့်တော်က အောက်ကျနေတယ်၊ ဒါကြောင့် တပည့်တော်လည်း လှူဆင်းရဲပဲ ဆိုပြီးသကာလ လိမ်ပြီးလောင်းတာ၊ သဘောပါပလား (ပါပါပြီဘုရား)။

အဲတော့ကို ချမ်းသာတဲ့ရုပ်၊ ချမ်းသာတဲ့စိတ်၊ အစစ်အမှန်ဖြစ်အောင် ဆိုလို့ရှိရင်ဖြင့်တဲ့ ကိလေသာနဲ့ လုံးဝမဆက်သွယ်မှုပဲကွ (မှန်ပါ)။

ကိလေသာနဲ့ ဆက်သွယ်တဲ့ နာမ်ရုပ်ကတော့ဖြင့် အစ်မတို့ သေသေချာချာမှတ်ပေတော့ အပါယ်ရုပ်ပဲ နာမ်ပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ကိလေသာနဲ့ ဆက်သွယ်တဲ့ ရုပ်နာမ်ကတော့ (အပါယ်ရုပ်ပဲ နာမ်ပဲဘုရား) တဏှာနဲ့ ပျော်ပြီး ဖြစ်ပေါ်လာတဲ့ရုပ်၊ ဒေါသနဲ့ ဖြစ်ပေါ်လာ

ပြီး ကြမ်းတမ်းတဲ့ရုပ်၊ ဒါမသောခင်က သူ့ဟာက ဗျာဒိတ်ရပြီး သား ဖြစ်နေတာ၊ အပါယ်လေးပါးရောက်တာ သဘောပါ ပလား (သဘောပါပါပြီဘုရား)။

## ဓမ္မက ဆောင်မှပြောင်တယ်

အဲဒါကြောင့် ခင်ဗျားတို့ ဓမ္မကသာ ဆောင်မှ ပြောင်တယ် ဆိုတာဟာလည်း ပေါ်လာတယ် (ပေါ်လာ ပါတယ်ဘုရား) ဓမ္မမဆောင်ရင် (မပြောင်ပါဘုရား) မပြောင် တော့ကိုတဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ဓမ္မနဲ့ ဆောင်ရမှာပဲကွ၊ လောကီလည်း ဓမ္မနဲ့ ရှာမှရတယ်၊ လောကုတ္တရာလည်း (ဓမ္မနဲ့ ရှာမှရပါတယ် ဘုရား) ဓမ္မနဲ့ ရှာမှရတယ်။

## ဓမ္မနဲ့ ချီးမြှောက်မှ ရွှေတောင်၊ ငွေတောင်ပေါက်တယ်

ခင်ဗျားတို့က လောဘနဲ့ရှာမှရတယ်လို့ ထင်နေတာ ကိုက အတော်ကလေး လွဲနေတယ်၊ မလွဲဘူးလား (လွဲပါတယ် ဘုရား)။ ဓမ္မနဲ့ရှာတော့ မြင်ဘူးလား။ နိရောဓသမာပတ်က ထလာတဲ့ ပုဂ္ဂိုလ်ကျတော့၊ ကိုင်း. . . ဘယ်သူ့ချီးမြှောက်မယ် ဟော့ ဆိုပြီး ဓမ္မနဲ့ ချီးမြှောက်ချလိုက်တော့ ရွှေတောင်

ငွေတောင်ပေါက်တယ်၊ မပေါက်ဘူးလား (ပေါက်ပါတယ်ဘုရား)။

ဒါက လောဘနဲ့ချိုးမြှောက်တာလား၊ ဓမ္မနဲ့ ချိုးမြှောက်တာလား (ဓမ္မနဲ့ချိုးမြှောက်တာပါဘုရား)။ သဘောပါပလား၊ (သဘောပါပါပြီဘုရား)။ ကောင်းပြီဒါဖြင့် လယ်ယာမြေကောင်း ဆိုတာလည်း ပေါ်ကြရောပေါ့ (ပေါ်ပါပြီဘုရား)။

## လယ်မြေကွာခြားတယ်

ကိလေသာရှိတဲ့ပုဂ္ဂိုလ် လှူရတန်းရ၊ ပေးရ၊ ကမ်းရတာ၊ ဒိုက်၊ သရိုက်တွေရှိတဲ့ လယ်နဲ့တူတယ် အဲဒီလယ်ထဲမှာ သွားစိုက် စပါးတွေကျဲလိုက်၊ ဒိုက်သရိုက်တွေနဲ့ အစ်မကောင်းကောင်း မွန်မွန် ပေါက်နိုင်သီးနိုင်ပါ့မလား (မသီးနိုင်၊ မပေါက်နိုင်ပါဘုရား) ဘာဖြစ်လို့တုံး အညစ်အကြေးများလို့ (တင်ပါဘုရား)။

ဒါကြောင့် သူတို့ ပုထုဇဉ် လယ်ယာမြေကောင်းတွေလို့ မဟောဘူးဘုရားက (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)"**အနုတ္တရံ ပုညခေတ္တံ လောကဿ**" ကို လောကဿ အခုလူမိုက် တွေဆိုတဲ့ လောကကြီး **အနုတ္တရံ အတုမရှိသော၊ ပုည ခေတ္တံ** ကောင်းမှုတို့၏ စိုက်ပျိုးရာ

လယ်မြေကောင်းသဖွယ်၊ အရိယာ ဓမ္မ ဖြစ်တယ်ကွ (တင်ပါဘုရား)။

## အကျိုးပေးခြင်း မတူဘူး

အကျိုးပေးခြင်းမတူဘူးတဲ့ ဒါကြောင့် သောတာပန်လျှုရတာနဲ့ သကဒါဂါမ်လျှုရတာ မတူဘူး၊ သကဒါဂါမ်လျှုရတာနဲ့ အနာဂါမ်လျှုရတာ (မတူပါဘူးဘုရား) ခုန လယ်ကွာသွားသလို (တင်ပါ) လယ်မြေကွာသွားတယ် ရဟန္တာ လျှုရတာနဲ့ ဘုရား လျှုရတာနဲ့ (မတူပါဘူးဘုရား)။

ဘာကွာသွားတာတုံးမေးတော့မှ လယ်မြေကွာတာ၊ ကိလေသာ ရှင်းလင်းမှုကွာတာ၊ မကွာဘူးလား (ကွာပါတယ်ဘုရား) အဲတော့ကိုတဲ့ ဩော် ကိလေသာဟာ ဘယ်နေရာမဆို အနှောင့်အယှက် ပေးလေသမျှ သူကချည့်ကို ပေါ်ပြီလား (ပေါ်ပါပြီဘုရား)။

အနှောင့်အယှက်ပေးလေသမျှ (ကိလေသာကပါဘုရား) ကိလေသာကချည့်ပဲ လျှုလိုက်ပြန်လည်း အနှောင့်အယှက် လုပ်တာသူပဲ (တင်ပါ) သဘောကျပလား (သဘောကျပါပြီဘုရား)။

## ကိလေသာဟာ ရန်သူအကြီးဆုံး

ဒါဖြင့် သူ့ကို ဒီဒကာဒကာမတွေက ဘယ်လို အောက်မေ့ရမတုံး ဒို့ရန်သူ အကြီးဆုံးဟာသူပဲ၊ ဒို့ရန်သူ အကြီးဆုံးဟာ သူပဲ၊ သဘောကျပလား (သဘောကျပါပြီ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချရမယ် (တပည့်တော်တို့ ရန်သူ အကြီးဆုံးဟာ ကိလေသာပါဘုရား) ကိလေသာပဲ (တင်ပါ ဘုရား) ဒါနဲ့ သူ့နာမည်က မင်းတို့မြို့သုံးမနေနဲ့ **ကိလိဿတီတိ ကိလေသော၊** ကိလိဿတီတိ-ပင်ပန်းအောင် လုပ်တတ်၏။ သူနာမည် ခေါ်ရင် အတော်ဆိုးတဲ့ နာမည် (တင်ပါဘုရား)။

(ဒီလိုဆိုးမှန်းပေါ်လွင်အောင် မသိလို့ပါဘုရား)။

## ကိလေသာဟာ မဂ်ဖိုလ်တားတယ်

အင်း ဒါ လက်ခံထားတာပဲလေ လက်ခံထားတော့ ကိုတဲ့ လက်ခံသလောက် လက်ခံတဲ့ ပုဂ္ဂိုလ်မှာ အကျိုးယုတ်တယ် သူကအကုန်ကန့်ကွက်တာ "**ပလိဗောဓဋ္ဌော မဂ္ဂါဓိဂမဿ နိဝါရဏဋ္ဌော** ဆိုတဲ့ ပလိဗောဓ၊ မဂ္ဂါဓိဂမဿ မဂ်ကိုရခြင်း၊ **နိဝါရဏဋ္ဌော** တားတာပဲ၊ ဒါမဂ်ကိုလည်း တားပစ်လိုက်တာ ရှင်းပလား (ရှင်းပါပြီဘုရား)။

မဂ်ဖိုလ်လည်းတားတယ်၊ အကျိုးကိုလည်း ယုတ်လျော့စေတယ်၊ သူ့လက်သတ်မွေးလို့ ကောင်းပါ့မလား (မကောင်းပါဘူးဘုရား) ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါတွေ ဘယ်က ထွက်လာတဲ့ တရားတွေတုံး ဘယ်က ထွက်လာတဲ့ စကားတွေတုံးဆိုတော့ ရဟန္တာဖြစ်တဲ့ အခါ ဘာအားထုတ်ရမတုံး မေးတော့ ထွက်လာတဲ့ စကားတွေ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်က ထွက်လာတဲ့စကား (ရဟန္တာဖြစ်တဲ့အခါ ဘာအား ထုတ်ရမတုံးမေးတဲ့အခါ ထွက်လာတဲ့ စကားတွေပါ ဘုရား) အင်း . . . ရဟန္တာဖြစ်ပြီးတော့မှ မင်းတို့ လယ်ယာမြေ ကောင်းသဖွယ် ကောင်းကောင်းကြီး ဖြစ်ချင် သေးလို့ရှိရင် ဒါ ကြိုးစားဦး (တင်ပါဘုရား)။

နိရောဓသမာပတ်တွေ လုပ်လိုက်ဦးကွ ဖလသမာပတ် ဝင်စားလိုက်ဦးကွ (တင်ပါ) ခန္ဓာဝန်နဲ့လည်း မင်းတို့ အိုးစားကွဲတယ်ကွ အဲဒါက သူတစ်ပါး ချီးမြှောက် ချင်လည်း ချီးမြှောက်ရာ ရောက်တယ်ကွ (မှန်ပါ)။

## ကိလေသာဝေးလေလေ အကျိုးပေးလေလေ

ဒါကြည့်စမ်း ကိလေသာ ဝေးလေလေ အကျိုးပေး လေလေ ရှင်းပလား (ရှင်းပါပြီဘုရား) ဘယ်လို မှတ်ကြမတုံး

(ကိလေသာ ဝေးလေလေ အကျိုးပေးလေလေပါဘုရား)။

ကိလေသာ ဝေးလေလေ အကျိုးပေးလေလေ ဆိုတော့၊ လောဘသမားတွေအတွက်ကတော့ အတော် စဉ်းစားရကြပ် ပါတယ်။ ကိုယ့်လောဘလေးနဲ့ ကိုယ်ရှာလိုက်လို့ ဒါလေးစားနေရတာ ဒီလောဘလေးမှ မရှိရင် ဒီတစ်အိမ်လုံး ဘယ့်နှယ်လုပ်မလဲ တရားအားမကိုးဘူး လောဘသွားအားကိုးတယ် (မှန်ပါ့ဘုရား) ဒီလိုဖြစ်နေတယ်။

စင်စစ်တော့ သေချာစဉ်းစားကြည့်တော့ ဒီခန္ဓာ ငါးပါးကြီး ဆုံးဖို့၊ ကုသိုလ်တော့ မလုပ်ပဲနဲ့ ဆုံးနိုင်ပါ့မလား (မဆုံးနိုင်ပါဘူး) အမိဝမ်းထဲမှ ကုသိုလ်ကံမရှိလို့ရှိရင် မျက်စိလေးလဲ ပါမှာမဟုတ်ဘူး (တင်ပါဘုရား) နားလေး ကော (ပါမှာမဟုတ်ပါဘူး ဘုရား)။

## လောဘအမှန်းတင်နေတယ်

ဒီ လောဘလေးကြောင့် ဆိုပြီးသကာလ သူက နောက်မှ ပေါက်တဲ့ ရွှေကြာပင်ကို မင်းတို့က အမွှန်းတင်ပြီး ပြောတဲ့ စကားပါ (မှန်ပါဘုရား) သဘောပါပလား (ပါပါပြီ ဘုရား) နောက်မှ ပေါက်တဲ့ ရွှေကြာပင် အမွှန်းတင်နေတာ။

စင်စစ်ကဖြင့် ဒီခန္ဓာကိုယ်ထဲမှ ကာမာဝစရ ကုသိုလ် တွေကြောင့် ဖြစ်ထားတဲ့ ဆံတစ်ပင်မှ သူကမတတ်နိုင်ပါ

ဘူးကွ ဒီကုသိုလ်တွေက ဖန်တီးပြီး လုပ်နေရရှာကြတာ (တင်ပါ)။

## ကုသိုလ်က ကြွေးတာ

ဖန်တီးပြီး လုပ်နေရခြားသော် ဒီဒကာဒကာမတွေက ကုသိုလ်က ကျွေးတာကို တဏှာက ကျွေးတယ်ထင်နေတာ (မှန်ပါဘုရား)။

လောကီဥပမာ ပြောကြပါစို့ ဆိုတော့ သခင်လာမှ ကပျာကယာ ရေထ, ထည့်ပြီး သူချက်တဲ့ ထမင်းမဟုတ်ပဲနဲ့ ချက်တော့ **"ခံတမာ"** (ထမင်းချက်သမား) က ချက်တာ၊ သူက ပွဲတော်တည်တာနဲ့ ဟန်လုပ်သလို ဖြစ်နေတာ၊ သူ့ ကျေးဇူးတင်ရဦးမလိုလို ပင်ပန်းထားတာကတော့ မီးဖိုချောင် ကလူက သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒီမှာလည်း အစ်မတို့က ကျေးဇူးစောင့်နေတာက ဟန်လုပ်တဲ့သူကို ကျေးဇူးတင်နေတာ မီးဖိုချောင်နေတဲ့လူနဲ့ တူတဲ့ကံကိုတော့ (ကျေးဇူးမတင်ပါဘူးဘုရား)။

## အကဲခတ်ညှံ့တယ်

ကျေးဇူးမတင်တော့ ကိုယ်ကိုယ်တိုင် အကဲခတ် ညံ့တယ်လို့ဆုံးဖြတ်ချက်ချရမယ် (တင်ပါဘုရား) ဘယ်လို

ဆုံးဖြတ်ချက် ချရမတုံး (မိမိတို့ ကိုယ်တိုင် အကဲခတ် ညံ့တယ်လို့ ဆုံးဖြတ်ချက် ချရမှာပါဘုရား)။

မိမိကိုယ်တိုင်ကိုက လက်သည်မိအောင် မဖမ်းနိုင်ဘူး၊ (မဖမ်းနိုင်ပါဘူးဘုရား) အကြောင်းအရင်းကို မဖမ်းနိုင်ဘူး၊ အကြောင်းတရားလေးလောက်ဖမ်းမိတယ် (မှန်ပါ)။

အဲတော့ အကြောင်းအရင်းနဲ့ အကြောင်းတရား ဆိုတာကလည်း အင်မတန် ကွာခြားပါတယ်၊ အကြောင်းအရင်းမိမှ သာလျှင်လည်း ကောင်းတာကိုလည်း အကြောင်းအရင်းသတ်ရမှာပဲ မကောင်းတာကိုလည်း အကြောင်းအရင်းသတ်ရမှာပဲ၊ ခုတော့ မင်းတို့ဟာက အဖျားသတ်ချည့်ဖြစ်နေတယ် (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ခန္ဓာနဲ့ အိုးစားကွဲအောင်လုပ်တာ

ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်ကြီးတွေ ရဟန္တာဖြစ်ပြီး၊ ဘာလုပ်ရဦး မှာလည်းဆိုတော့ ခုနင်က "တော" တွေ ကြိုးစားရတယ်ကွ၊ ဘယ်ကိလေသာ ရှင်းချင်လို့တုံး မဟုတ်ပါဘူးတဲ့ ဒီခန္ဓာနဲ့ အိုးစား ကွဲအောင် လုပ်တာပါ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## မည်သူမဆိုအားထုတ်ရမည့် တရားတော်

သူတစ်ပါးကိုလည်း အကျိုးပေး သန်သန်ထွားထွား ဖြစ်စေချင်လို့ ဒါတွေ လုပ်ရပါတယ် (တင်ပါဘုရား) ကိုယ့်အတွက်လည်း ခန္ဓာနဲ့ ခွဲပြီး ချမ်းသာချင်လို့၊ သူတစ်ပါးကိုလည်း ချီးမြှောက်ချင်လို့ ဒီဟာဆက်ပြီး အားထုတ်ရပြန်တယ်ဆိုတော့ ဒီတရားဟာ မည်သူမဆို အားထုတ်ရမယ်ဆိုတော့ ပုထုဇဉ်က သောတာပန်ဖြစ်ချင်လို့ အားထုတ်ရမယ်၊ သောတာပန်က သကာဒါဂါမ် ဖြစ်ချင်လည်း (အားထုတ်ရမယ်) ဒီတရားပဲ၊ သကဒါဂါမ်က အနာဂါမ်ဖြစ်ချင်ရင် (ဒီတရားပဲ) အနာဂါမ်က ရဟန္တာဖြစ်ချင် (ဒီတရားပဲ)။

## အလုံးစုံတရားကချည်း ရှက်ဆောင်သွားတယ်

ရဟန္တာဖြစ်ပြီး သကာလ ခန္ဓာဒုက္ခငြိမ်းစေချင်ရင် (ဒီတရားအားထုတ်ရမယ်) သူတစ်ပါး ချီးမြှောက်ချင်ရင် (ဒီတရားပဲ အားထုတ်ရမယ်) ဒါဖြင့် အားလုံးဟာ သူ့တာဝန်ချည်းပါလားကွ (မှန်ပါဘုရား) အလုံးစုံအကုန် သူကချည်းပဲ ရှက်ဆောင် သွားတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်သွားပြီ (ပေါ်ပါပြီဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

တဲ ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . . သာဓု . . . . သာဓု။